

မိုးမိုး (အင်းလျား)

# ပျောက်သောလမ်းကြောင်းတဝါး

# ပျောက်သောလမ်းမှာ စမ်းတဝါး

## မိုးမိုး (အင်းလျား)

## အမှာစာ

ပထမဆုံး ဝတ္ထုရှည်ကို ဖတ်ခိုင်းရသည်မှာ အားနာလှပါသည်။ ပထမလုပ်ငန်းရပ်များတွင် အပြစ်အနာအဆာနှင့် မကင်းဟူ၍ မှတ်ယူ ယုံကြည်ထားသောကြောင့် ဖြစ်ပါသည်။

သို့သော် ပထမပြီးမှ ဒုတိယ လာရပါသည်။ ထို့နောက်တတိယ။ ထို့နောက် ဆက်၍ ဆက်၍။ အပြစ်အနာအဆာတို့လျော့နည်း ကင်းပသွားစေရန်မှာ မိမိ၏ တစ်ဆင့်ပြီး တစ်ဆင့်လုပ်ဆောင်ရမည့် လုပ်ငန်းများ များပြားမှု၊ တစ်နည်းဆိုရသော်လုပ်သက်နှင့် ကြိုးစားမှုတွင် အရင်းတည်သည်ဟု ယူဆမိပါသည်။

ထို့ကြောင့် ကျွန်မ၏ အဦးဆုံးဖြစ်သော ဝတ္ထုရှည်ကို ခွင့်လွှတ်သည်းခံစိတ်နှင့် ဖတ်ပါဟူ၍ လေးစားအပ်သော စာဖတ်သူတို့အား အားနာစိတ်နှင့် ပင် တောင်းပန်စကား ဆိုရပါသည်။

ကျွန်မတွင် ရေးစရာ အများအပြား ရှိပါသည်။ ထိုရေးစရာများမှာလည်း ကျွန်မ၏ နုနယ်သေးသော အတွေ့အကြုံအရ နုနွဲ့သော ဇာတ်လမ်းနှင့် မရင့်ကျက်သေးသည့် အတွေးအခေါ် ရည်ရွယ်ချက်များတွင်သာ အကျုံးဝင်နေပါလိမ့်မည်။

ထို့ကြောင့်လည်း ကျွန်မ၏ ပထမဆုံး ဝတ္ထုရှည်အဖြစ် 'ရွက်လှပန်း' ဟူသည့် ဝတ္ထုကို ကာလကြာမြင့်စွာ ကြော်ငြာဖြစ်ခဲ့ရခြင်း ဖြစ်ပါသည်။

ယင်းဝတ္ထုကို ရေးသားခြင်းဖြင့်လည်း ကာလအတန်ငယ်ကို ကုန်လွန်ခဲ့ရပါသည်။ သို့သော် ယင်းဝတ္ထုမှာ ဆုံးခန်းမတိုင်ခဲ့သေးပါ။ ယနေ့ ကျွန်မကိုယ်တိုင် ရင်ဆိုင်တွေ့ကြုံနေရသော အခြေအနေ အရပ်ရပ်က ကျွန်မလက်ကို တုံ့ဆိုင်းစေပါသည်။ ရေးလက်စ အခြေအနေမှ တစ်ဆင့်တက်ခွင့် မပြုခဲ့ပါ။

ယင်းသို့ဖြင့် ကျွန်မ မရည်ရွယ်ခဲ့သော ဤဝတ္ထုကို ရေးဖြစ်ခဲ့ရာမှ ယခုပုံနှိပ် ထုတ်ဝေဖြစ်သည့် အခြေသို့ပင် ရောက်ရှိခဲ့ရပါသည်။

အဘယ်ကြောင့်နည်း။

ကျွန်မသည် အိမ်ထောင်သည်တစ်ဦး ဖြစ်ပါသည်။ ထို့အတူ ရုံးဝန်ထမ်းတစ်ဦးလည်း ဖြစ်သည်။ သာမန်ပြည်သူတစ်ဦးလည်း ဖြစ်ပါသည်။

ထို့ကြောင့် အိမ်ထောင်ရှင်များ၊ အမှုထမ်းများ၊ သာမန် ပြည်သူများ၏ ယနေ့ အတွေ့ အကြုံတို့မှ ပေါက်ဖွားလာရသည့် အလုံးစုံသော အခက်အခဲများကို မိမိကိုယ်တိုင် တွေ့ကြုံခံစားရသည့် နည်းတူ အခြားသူတို့၏ အခက်အခဲများကိုလည်း သိမြင်ကြုံတွေ့နေရပါသည်။

ထို့အပြင် ကျွန်မသည် အမျိုးသမီးတစ်ယောက် ဖြစ်သည့်အားလျော်စွာ ယနေ့ခေတ်နှင့်အညီ သွားလာလှုပ်ရှားနေကြသော အမျိုးသမီးငယ်တို့၏ ဘဝအခက်အခဲများကိုလည်း သိရှိခံစားနေရပါသည်။

ဤသို့ဖြင့်



စာရေးမည်ဟူသော ရည်ရွယ်ချက်ဖြင့် ကလောင်ကိုင်တိုင်း အဆိုပါ

အတွေ့အကြုံတို့တွင် အခြေခံသည့် အကြောင်းအရာ အဖြစ်အပျက်တို့ကို သာ ရေးဖြစ်ခဲ့ရပါသည်။

စင်စစ် ဤသို့ပင် ဖြစ်ထိုက်သည်ဟု ကျွန်မ ယုံကြည်မိပါသည်။ စားဝတ်နေရေး ခက်ခဲမှုများဖြင့် ပြွမ်းတီးနေသည့် ပတ်ဝန်းကျင်တွင် နေ့စဉ်နှင့်အမျှ ဆိုသလို ကျင်လည်လှုပ်ရှားနေရသူ တစ်ဦး၏ ကလောင်မှ ဂိုရာနံ့သင်းသော၊ ပိုးဖဲကတ္တီပါဖုံးလွှမ်းသော၊ ချစ်စိတ်ပြည့်လျှံသော၊ ဆွတ်ပျံ့လွမ်းမောဖွယ်သော အကြောင်းအရာ အဖြစ်အပျက်တို့ ထွက်ပေါ်မလာသည်မှာ သဘာဝ ကျပါလိမ့်မည်။

ကျွန်မ ဖတ်မှတ် လေ့လာခဲ့ဖူးသော ဝတ္ထုကောင်းတို့၏ လက္ခဏာရပ်တို့နှင့် ညှိနှိုင်းကြည့်လျှင်မူ ကျွန်မ၏ ဝတ္ထုမှာ ဝတ္ထုကောင်းတို့၏ လက္ခဏာနှင့်ညီသော ဝတ္ထုတစ်ပုဒ် မဟုတ်နိုင်ကြောင်း ကျွန်မ သိနားလည်ပါသည်။

ဝတ္ထုကောင်းတို့တွင် ပါရှိရမည့် စ၊ လယ်၊ ဆုံး လက္ခဏာ သုံးပါးနှင့်လည်း ကျွန်မ၏ ဝတ္ထုမှာ မညီညွတ်ပါ။ ထို့အတူ ဇာတ်ကောင်တို့၏ စရိုက်မှာလည်း ပီပြင်ခြင်းမရှိဟု ကျွန်မထင်ပါသည်။ ထို့ပြင် ကျွန်မ ရင်ထဲတွင် ရှိသမျှ ကျွန်မ ပြောချင်သမျှကို ကျွန်မ ကလောင်က ပြည့်စုံအောင် မဖော်ပြနိုင်ခဲ့ပါ။ အဆိုးဆုံးအချက်မှာမူ ဝတ္ထု၏အဆုံးတွင် ‘ထွက်ပေါက်’ ရှာမပေးနိုင်ခဲ့ခြင်းပင် ဖြစ်ပါသည်။ တကယ်စင်စစ် ထွက်ပေါက် ရှာပေးနိုင်သူမှာလည်း ကျွန်မ မဟုတ်နိုင်ပါ။ ကျွန်မတို့တွင် အဖြေရှာမတွေ့သော ပြဿနာများစွာကို ရင်ဆိုင်ကြုံတွေ့ဖူးကြသည် မဟုတ်ပါလား။

မိမိ ကြိုးပမ်းဖွဲ့သီထားရသော ဝတ္ထုတစ်ပုဒ်အား ဝတ္ထုကောင်း စာရင်းသို့ သွတ်သွင်းခြင်း ခံလိုသည်မှာ စာရေးသူတိုင်း၏

ဃ

စစ်မှန်သော၊ ဖြစ်မြဲသော ဆန္ဒဟု ကျွန်မ ယူဆပါသည်။ ကျွန်မတွင်လည်း

ထိုဆန္ဒ အပြည့်အဝ ရှိပါသည်။

သို့ရာတွင် ကျွန်မ၏ အတတ်ပညာ ချို့တဲ့ခြင်းအတွက် ကျွန်မ စိတ်မကောင်းခြင်းကြီးစွာ ဖြစ်ရသည်မှအပ၊ ရှေ့တွင် ဆက်၍ ကြိုးပမ်းရမည်ဟူသော အသိမှအပ ကျွန်မ ဘာမျှ မစွမ်းဆောင်နိုင်ခဲ့ပါ။

နောင်တွင်လည်း ကျွန်မ၏ ဘဝအတွေ့အကြုံ ခံစားရမှု၊ အထူးသဖြင့် ဘဝတူအမျိုးသမီးတို့၏ လှုပ်ရှားရုန်းကန်ရမှုလေး များမှ ပေါက်ဖွားလာသော အဖြစ်အပျက် ဇာတ်လမ်းများကို ရေးသားနိုင်ရန် ကြိုးပမ်းလျက် ရှိပါသည်။

မိုးမိုး (အင်းလျား)

၁၆၊ ၈၊ ၇၄

ရန်ကုန်မြို့။

***

## ဝတ္ထုရှည်ဆုအဖွဲ့ငယ်၏ မှတ်ချက်

မိုးမိုး(အင်းလျား) ရေးသော 'ပျောက်သောလမ်းမှာ စမ်းတဝါး' ဝတ္ထုရှည်သည် နေရေးထိုင်ရေး ဆွေရေးမျိုးရေးကြောင့် အိမ်ထောင်ရေး အဆင်မပြေဖြစ်ရသော လူငယ်ဇနီးမောင်နှံ နှစ်ဦး၏ ဘဝကို ပီပြင်အောင် သရုပ်ဖော် ဖွဲ့ဆိုနိုင်ခဲ့သည်။ ဘဝအခြေအနေအရ ချို့တဲ့၍ မဖြစ်မနေ ရင်ဆိုင်ရန်းကန်မည် ဟူသော အပြုသဘော အားနည်းသော်လည်း နဂိုအခြေအနေမှန်ကို သရုပ်ပေါ်အောင် ဖော်ပြနိုင်စွမ်း ရှိသည်။ အရေးအသား ပြေပြစ်ကောင်းမွန်၍ ဆွဲဆောင်မှု ရှိသည်ဟု ထင်မြင်ယူဆကြပါသည်။

***

## ၁၉၇၄ ခုနှစ်
## အမျိုးသားစာပေဆုရသူများကိုယ်စား
## စာရေးဆရာမ မိုးမိုး(အင်းလျား)၏
## ပြန်ကြားချက်
## ၃၊ ဒီဇင်ဘာ၊ ၁၉၇၅

ဆုနှင်းသဘင်ပွဲကို ရောက်ရှိလာကြတဲ့ တာဝန်ရှိပုဂ္ဂိုလ်များ၊ စာပေပညာရှင်များနဲ့ စာပေဝါသနာရှင်များကို လေးစားလှိုက်လှဲစွာ နှုတ်ခွန်းဆက် ဂါရဝပြုအပ်ပါတယ်ရှင်။

ဆုရရှိသူများရဲ့ ကိုယ်စား ဒီစင်မြင့်ပေါ်ကနေ ခုလို ပြန်ကြားခွင့် ရတဲ့အတွက် ဝမ်းမြောက်ကြည်နူးမိပါတယ်။

ယခုလို အခွင့်ကြုံတဲ့အခါ ကျွန်မပြောချင်တဲ့ အချက်ကလေးတချို့ကို ပြော ခွင့်ပြုစေချင်ပါတယ်။ ယနေ့ကာလမှာ စာအုပ်ဈေးနှုန်းတွေ ခေါင်ခိုက်နေ ကြလို့ စာပေဝါသနာရှင်များ အနေနဲ့ စာအုပ်တွေကို ယခင်ကလို စိတ်ရှိ တိုင်း ဝယ်မဖတ်နိုင်ကြတော့ပါဘူး။ မဝယ်နိုင်တဲ့အခါမှာ ငှားရမ်းဖတ်ရှုနိုင် မယ့် စာအုပ်အငှားဆိုင်တွေ၊ စာကြည့်တိုက်တွေဘက်ကို လှည့်ရပါတယ်။ စာအုပ်အငှားဆိုင်တွေဟာ များသောအားဖြင့် လူကြိုက်များ၊ အငှားများတဲ့ စာအုပ်တွေလောက်ပဲ တင်လေ့ရှိပါတယ်။ ဒါဟာလဲ သူ့စီးပွားရေး အခြေအနေ



အရ အဆင်ပြေအောင် လုပ်ရတာပဲ ဖြစ်ပါလိမ့်မယ်။ ဒါပေမဲ့ စာကောင်း ပေကောင်း ဖတ်ချင်တဲ့သူ၊ ဝတ္ထုမဟုတ်တဲ့ သုတစာပေတို့၊ ရှေးစာဟောင်း ပေဟောင်းတို့ ဖတ်ချင်တဲ့သူများကျတော့ အငှားဆိုင်တွေကို အားမကိုးနိုင် ပါဘူး၊ သူ့အဖို့ အားကိုးလောက်တာ စာကြည့်တိုက်ပဲ ရှိပါတယ်။ ဒါပေမဲ့ ဒီ ကနေ့ မြန်မာပြည်မှာ စာကြည့်တိုက် အရေအတွက် နည်းပါးနေပါတယ်။ ရှိ တဲ့ စာကြည့်တိုက်တွေဟာလဲ သိပ်ပြီး ကျေနပ်လောက်ဖွယ် မရှိပါဘူး။ အဲဒီ တော့ နိုင်ငံအနှံ့ အားကိုးလောက်တဲ့ စာကြည့်တိုက်များ စနစ်တကျ တိုးချဲ့ ဖွင့်လှစ်ရေးကိုလဲ လုပ်သားပြည်သူတွေနဲ့ နိုင်ငံတော်အစိုးရက ကြိုးစားပြီး ဆောင်ရွက်ပေးဖို့ မေတ္တာရပ်ခံချင်ပါတယ်။

ယနေ့ ပုဂ္ဂလိက စာအုပ်ထုတ်ဝေရေးသမား တွေဟာ သူတို့မှာ အမြတ်အစွန်းများများ ရကြရလေအောင် အများကြိုက်မယ့် စာအုပ်တွေကို ပဲ ရွေးပြီး ထုတ်ဝေနေကြပါတယ်။ စာဖတ်သူတွေအတွက် ပိုမိုတန်ဖိုးရှိမယ့် အနှစ်သာရပြည့်တဲ့ စာပေတွေ ဖတ်လာရလေအောင် တစ်ဘက်ကနေပြီး စာကောင်းပေကောင်းတွေကို အင်နဲ့အားနဲ့ ထုတ်ဝေဖို့လိုပါတယ်။ ဖွဲ့စည်းပုံ

အခြေခံဥပဒေက ပြဋ္ဌာန်းထားသော မိမိနိုင်ငံတော်ရဲ့ အချုပ်အခြာအာဏာကို ကာကွယ် စောင့်ရှောက်မယ့် စာမျိုးတွေ၊ တိုင်းရင်းသားလူမျိုး အချင်းချင်း သွေးစည်းညီညွတ်ရေး အထောက်အကူ ပြုမယ့် စာမျိုးတွေ၊ ပြည်သူတွေ ကိုယ်ကျင့်တရား မြင့်မားကောင်းမွန်လာမယ့် စာမျိုးတွေ၊ အများပြည်သူရဲ့ အေးချမ်း သာယာမှုကို ရှေးရှုတဲ့ စာမျိုးတွေ များများရေး ထုတ်ဖို့ လိုပါတယ်။

ဒီတာဝန်ကို ထမ်းဆောင်နိုင်မယ့်သူဟာ စာပေဗိမာန်အဖွဲ့ကြီးသာ ဖြစ်တယ်လို့ မြင်ပါတယ်။ စာပေဗိမာန်အနေနဲ့ စာဖတ်သူအတွက် တကယ် အကျိုးရှိမယ့် စာမူကောင်းများကို ယခုထက်ပိုမို တိုးချဲ့ပြီး အင်နဲ့အားနဲ့ ထုတ်ဝေသင့်ပါတယ်။ ပုံနှိပ်မှုနဲ့ ဖြန့်ချိရောင်းချမှု မှာလည်း

ည

နိုင်ငံတကာအဆင့်မီ လုပ်ငန်းပုံစံကျကျဖြစ်အောင် ကြိုးစားသင့်တယ်လို့ ထင်ပါတယ်။

ယနေ့ မြန်မာစာပေနယ်ပယ်မှာ စာဖတ်သူတွေ၊ စာပေဝါသနာ ရှင်တွေ တစ်နေ့တခြား တိုးပွားလာလို့ စာရေးသူများ၊ စာပေပညာ ရှင်များအတွက် အားတက်စရာ ဖြစ်ပါတယ်။ စာရေးဆရာတွေမှာလည်း ထုတ်ဝေခွင့် ပြဿနာ၊ စက္ကူ ပြဿနာတွေကြားက စာအုပ်ဖြစ်မြောက် လာအောင် အားသွန်ခွန်စိုက် ရေးထုတ်နေကြပါတယ်။ အဲဒီလို ရေးထုတ်နေကြတဲ့ စာအုပ်တွေထဲမှာ ရသစုံ၊ လိုင်းစုံပါဝင်နေတာမို့ စာဖတ်သူတွေအတွက် အကျိုးရှိတာတွေပါသလို အကျိုးမရှိတာတွေလည်း ပါလာပါတယ်။ စာဖတ်သူအနေနဲ့ မိမိနှစ်သက်ရာ စာအမျိုးအစားကို ရွေးချယ်ဖတ်ရှုနိုင်ခွင့် ရှိသလို စာရေးသူအနေနဲ့လည်း မိမိအားသန်ရာ ရေးနိုင်ခွင့်ရှိပါတယ်။ ဒီလိုရေးကြတဲ့အခါမှာ စာဖတ်သူ တွေအတွက် တကယ် အကျိုး ရှိ မရှိဆိုတာ မိမိကိုယ်

ကို ဝေဖန် ဆန်းစစ်ရုံကလွဲလို့ အခြားနည်းလမ်း မရှိပါဘူး။

ကျွန်မတို့အနေနဲ့ နေ့စဉ်ရင်ဆိုင် ကြုံတွေ့နေရတဲ့ လူမှုကိစ္စ၊ လူ့ဘဝ အကြောင်းအရာ လေးတွေဟာ ကျွန်မတို့ပတ်ဝန်းကျင်မှာ မပြဲရှိနေပါတယ်။ ဒီအကြောင်းအရာလေး တွေဟာ ကျွန်မတို့ အစွမ်းရှိလျှင် ရှိသလောက် ရေးမကုန်နိုင်အောင် များပြားလှပါတယ်။ ဒီအကြောင်းအရာလေး တွေကို အခြေတည်ပြီး ရေးခဲ့လို့ ကျွန်မအနေနဲ့ ခုလို ပြည်သူရဲ့ အားပေးချီးမြှင့်မှုကို ရရှိခဲ့ခြင်း ဖြစ်ပါတယ်။ ရှေ့ ကိုလည်း ဆက်လက်ပြီး ကျွန်မတို့ရဲ့ လူမှုဝန်းကျင်က အဖြစ်အပျက် ကလေးတွေကို အခြေတည်ပြီး အစွမ်းရှိသမျှ ရေးဖွဲ့သွားဖို့ ကျွန်မမှာ ရည်ရွယ်ချက်ရှိပါတယ် ဆိုတဲ့ အကြောင်း ပြောကြားရင်း နိဂုံး ချုပ်ခဲ့ပါရစေရှင်။

***

ပျောက်သောလမ်းမှာ စမ်းတဝါး
သို့မဟုတ်
မြို့ပြမီးအိမ်

ခေတ်ပေါ် မြန်မာဝတ္ထုကောင်းတစ်ပုဒ် ဖြစ်တဲ့ အဲဒီ 'ပျောက်သောလမ်းမှာ စမ်းတဝါး'ရဲ့ ခမ်းနားတဲ့ ရိုးသားမှုများဟာ ကမ္ဘာရဲ့ အရှေ့ဖျားဆီက နေခြည်ရဲ့နှင်းစက်တို့ ဖျန်းပက်ရာ ဂျပန် ပရိသတ်များကြားမှာပါ မြို့ပြအာရုံရင်ခုန်စေမှု ဖြစ်ပေါ်ခဲ့တယ်။ စာရေးဆရာမ မိုးမိုး(အင်းလျား)ရဲ့ 'ပျောက်သောလမ်းမှာ စမ်းတဝါး' ဂျပန်ဘာသာပြန်စာအုပ်နဲ့ ပတ်သက်လို့ ဂျပန်နိုင်ငံ တိုယိုတာ ဖောင်ဒေးရှင်း စာပေဝေဖန်ချက် အခန်းမှာ အခုလို ကြိုဆိုထားတာကို တွေ့ရပါတယ်။

'မိုးမိုး(အင်းလျား)ဟာ ကနေ့ မြန်မာစာပေလောကမှာ လူသိများထင်ရှားတဲ့ အမျိုးသမီး စာရေးဆရာမ တစ်ဦးဖြစ်တယ်။ သူ့ရဲ့ ပထမဆုံး လုံးချင်းဝတ္ထုဖြစ်တဲ့ ပျောက်သောလမ်းမှာ စမ်းတဝါး အမျိုးသားစာပေ ဝတ္ထုရှည်ဆုရရှိခဲ့တယ်။

ပျောက်သောလမ်းမှာ စမ်းတဝါး ဝတ္ထုဟာ ရန်ကုန်မြို့က အသစ်စက်စက် အိမ်ထောင်တည်ကာစ ချစ်သူနှစ်ဦးရဲ့ဘဝကို ရက်ဖွဲ့ထားခြင်းပဲဖြစ်တယ်။ ဒီဝတ္ထုမှာ စာရေးဆရာမ မိုးမိုးဟာ ဇနီးသည်တစ်ဦးရဲ့ အမြင် ခံစားမှုဘက်ကနေ တင်ပြထားတယ်။ အဲဒီအမျိုးသမီး

နဲ့ သူ့ခင်ပွန်းလင်သည်ရဲ့ ဆွေမျိုးတို့အကြား လူမှုပဋိပက္ခတရား၊ တက္ကသိုလ်ကျောင်းသူ ဘဝတုန်းက တစ်ဆောင်တည်း အတူနေခဲ့ကြတဲ့ သူငယ်ချင်းတွေနဲ့ သူမရဲ့ ဆက်ဆံယှက်နွယ်မှုတွေ၊ နောက် သူတို့ ဇနီးမောင်နှံ ငှားရမ်းနေထိုင်တဲ့ အိမ်ကလေးမှာ ကြုံတွေ့ရတဲ့ လူမှုဖိစီးမှုတွေကို ကျော်လွှား ဖြတ်သန်းမှုတွေကို တင်ပြထားပါတယ်။

အဲဒါကတော ‘ပျောက်သောလမ်းမှာ စမ်းတဝါး’ ဝတ္ထုနဲ့ ပတ်သက်လို့ တိုယိုတာဖောင်ဒေးရှင်း စာပေဝေဖန်ရေးအခန်းက ကြိုဆိုတင်ပြထားတဲ့ အသံပဲ ဖြစ်ပါတယ်။

မိုးမိုး(အင်းလျား)ရဲ့ ဒီစာအုပ်ကို ဂျပန်ဘာသာ ပြန်ဆိုပေးသူကတော့ မြန်မာစာပေကို သုတေသနပြုနေတဲ့ ရာဆုကို ဒိုဘာရှိ Yasuko Dobashi ပဲ ဖြစ်ပါတယ်။ ‘ပျောက်သောလမ်းမှာ စမ်းတဝါး’ ဝတ္ထုအပေါ် ရာဆုကိုရဲ့ အမှတ်ရချက်များကတော့ဒီလိုပါ။

မိုးမိုး(အင်းလျား)ဟာ သာမန် မြန်မာပြည်သူများ အထူးသဖြင့်တော့ မိန်းမများအကြောင်းကို ကျွမ်းကျင်စွာ ရေးဖွဲ့တတ်တဲ့ စာရေးဆရာတစ်ယောက် ဖြစ်ပါတယ်။ တက္ကသိုလ်ကျောင်းသူ တစ်စုရဲ့ ဘဝသနစ်ကို ခြယ်မှုန်းပြရာမှာ သူမဟာ မိန်းမတစ်ဦးစီရဲ့ ပုဂ္ဂလိကစရိုက်များကို ပီပြင်အောင် ခြယ်ပြထားနိုင်ခဲ့ပါတယ်။ သူမဟာ အဆောင်နေ ကျောင်းသူတွေရဲ့ စရိုက်ကို သူမရဲ့ တက္ကသိုလ် ကျောင်းသူဘဝ ကာလများက အတွေ့အကြုံနဲ့ ခံစားမှုများအပေါ်မှာ အခြေတည်ကာ ဖွဲ့ရက်နိုင်ခဲ့ခြင်းပဲ ဖြစ်ပါတယ်။ ၁၉၆၀ လွန်နှစ်များအလယ်ပိုင်း ကာလတစ်ခုမှာ ရန်ကုန် ဝိဇ္ဇာနဲ့သိပ္ပံတက္ကသိုလ်မှာ ကျောင်းသူဘဝနဲ့ တက်ရောက်နေထိုင်ခဲ့စဉ်က မိုးမိုး(အင်းလျား) ရန်ကုန်တက္ကသိုလ် အင်းလျားဆောင်မှာ နေထိုင်ခဲ့ပါတယ်။ အင်းလျားကန်နှင့် အင်းလျားဆောင်ကို တွယ်တာ လွမ်းမောမှုရှိတဲ့ မိုးမိုး

ဟာ သူမရဲ့ စာရေးဆရာ ကလောင်အမည်နောက်မှာ (အင်းလျား) ဆိုတဲ့ အနွတ္တသညာကို ထည့်ခေါ်ခဲ့ပါတယ်။

၃

ကျွန်မ ကိုယ်၌ကလည်း အဲဒီ အင်းလျားဆောင်မှာ တစ်နှစ် နေခဲ့ဖူးပါသေးတယ်။ အဲဒီမှာ ကျွန်မဟာ မြန်မာအမျိုးသမီး အတော်များများနဲ့ ဆက်ဆံခဲ့ရပါတယ်။ အင်းလျားဆောင်ဟာ စရိုက်အသီးသီး ရှိကြတဲ့ အမျိုးသမီးများရဲ့ ကျောင်းသူဆောင် ဖြစ်ပါတယ်။ အဲဒီမှာ ချမ်းသာကြွယ်ဝတဲ့ မိသားစုတွေက မွေးဖွားလာတဲ့ ကျောင်းသူသမီးပျိုတွေ ရှိသလို တရုတ်ကပြား အမျိုးသမီးကလေးများ ကိုလည်းတွေ့ရတယ်။ ဟို မြန်မာပြည်မြောက်ဖျားက တောမြို့ကလေးမှာ ခင်ပွန်းသည်လင်နဲ့ ကလေးများကို ချန်ခဲ့ပြီး ပညာလာရောက် ဆည်းပူးနေတဲ့ အိမ်ထောင်သည် အမျိုးသမီးတစ်ဦးကိုလည်း တွေ့ရရဲ့။

အဲဒီ ၁၉၆၀ နှစ်များဆီက ဂျပန်အမျိုးသမီးများနဲ့ ယှဉ်လိုက်တဲ့အခါ မြန်မာအမျိုးသမီးတွေရဲ့ လူမှုရေးခွင်မှာ မြင့်မားတဲ့ အနေအထားက ရှိနေပုံကိုလည်း ကျွန်မ အံ့ဩခဲ့ရပါတယ်။ အဲဒီအချိန် ကတည်းက မြန်မာအမျိုးသမီးတွေ လုပ်ငန်းဌာနအသီးသီးရဲ့ စီမံခန့်ခွဲအုပ်ချုပ်မှု အသီးသီးမှာ အတော် နေရာရထားကြပါတယ်။ တက္ကသိုလ်ကျောင်းသူ အများအပြားနဲ့ အမျိုးသမီး ပါမောက္ခ အတော်များများ ကိုလည်း တွေ့ခဲ့ရပါတယ်။ အိမ်ထောင်ရှင်မတွေနဲ့ သားသည်မိခင်တွေ ကျောင်းတက်နေကြတာ မနည်းလှပါဘူး။ ပြောရရင်တော့ မိန်းမဆိုတာ အိမ်ထဲမှာသာ အောင်းနေရမယ်ဆိုတဲ့ အယူအဆ မြန်မာပြည်မှာ လက်တွေ့မျက်မြင် မမြင်ခဲ့ရပါဘူး။ မြန်မာအမျိုးသမီးတွေဟာ ပြင်ပကမ္ဘာလောကထဲမှာ သွားလာ ရန်းကန်နေကြသူတွေ ဖြစ်ပါတယ်။ တချို့ နိုင်ငံခြားသားတွေက ဒါကို ဗြိတိသျှ လွှမ်းမိုး

သွားခဲ့တဲ့ အရိပ်သြဇာအဖြစ် လွဲမှားစွာ ဖော်ပြချင်တတ်ကြတယ်။ အမှန်ကတော့ ဒီလိုမဟုတ်ပါဘူး။ အစဉ်အလာအရ မြန်မာ့ဓလေ့ထုံးတမ်း ဥပဒေများကိုယ်၌က အမျိုးသမီးနဲ့ အမျိုးသားများကိုတန်းတူညီတူ အခွင့်အရေးပေးထားပြီး ဖြစ်ပါတယ်။

ပျောက်သောလမ်းမှာ စမ်းတဝါး ဝတ္ထုကို သာမန်အားဖြင့် ဖတ်ကြည့်သူအဖို့တော့ အိမ်ထောင်ရေးဘဝ ထူထောင်ရေးမှာ အား

၁၁

နည်း အရေးနိမ့်နေခဲ့ရတဲ့ ပညာတတ် မြန်မာ အမျိုးသမီးလေးတစ်ဦးရဲ့ ဇာတ်လမ်းစဉ်လို့ ထင်စရာရှိပါတယ်။ ဒါပေမဲ့ သေသေချာချာ ဖတ်ကြည့်တဲ့အခါမှာမှ ဒီဝတ္ထုဟာ မြန်မာအမျိုးသမီးထုရဲ့ ဘဝထူထောင်ရေးတိုက်ပွဲမှာ ဖွဲ့နပဲကြီးမှုနဲ့ ထုထည်ကြီးမားလှတဲ့ ခွန်အားကို အနုပညာသွေးသားနဲ့ ခံစားရေးဖွဲ့ထားမှန်းကို မြင်ကြည့်နိုင်ကြပါလိမ့်မယ်။'

ဘာသာပြန်သူ ယာဆုကိုရဲ့ ပို့ုမြစ်သစ်လွင်တဲ့ ဝေဖန်ရေးအမြင်ကို နားဆင်ပြီးတဲ့နောက် မိုးမိုး(အင်းလျား)ရဲ့ 'ပျောက်သောလမ်းမှာ စမ်းတဝါး' နဲ့ ပတ်သက်တဲ့ ဂျပန်စာဖတ်သူတစ်ဦးရဲ့ ရင်ခုန်မှုကို အခုလို နားဆင်ကြရအောင်ပါ။ အဲ အဲဒီ ဂျပန် စာဖတ်ပရိသတ်တစ်ဦးကတော့ ချီဟာယူ တာကီနာကာ 'Chihan Takenaka' ဆိုတဲ့ သုတေသီတစ်ဦးပဲ ဖြစ်ပါတယ်။

'အာရှတိုက်သူတွေရဲ့ ဘဝဟာ အစွန်းတရားနှစ်ပါးမှာ ခိုလှုံကိန်းဝပ်နေလေ့ ရှိပါတယ်။ ပထမအစွန်းက အမျိုးသမီးတွေကတော့ လူမှုစီးပွားအာဏာကို ဘဝမှာ အပြည့်အဝ ရရှိထားတဲ့ ဘုရင်မသဖွယ် အမျိုးသမီးများပဲ ဖြစ်ပါတယ်။ ဒုတိယအစွန်း အနေအထားက အမျိုးသမီးတွေကတော့ ကျေးလက်နဲ့ မြို့ပြတွေက ဆင်းရဲမွဲတေမှုကို တန်ဆာခံ သားကောင်အနေအထား အမျိုးသမီးများ ဖြစ်ပါတယ်။ ကျောင်းကန်ဇရပ်မှ

တောင်းရမ်းနေရတဲ့ မိခင်နှင့် ကလေးငယ်တွေ၊ မိမိခန္ဓာကိုယ်ကို ရောင်းချပြီး ဘဝဝမ်းကျောင်းနေရသူတွေ၊ ဈေးဆိုင်တွေမှာ၊ ဟိုတယ်တွေမှာ ကျွန်ခိုင်းစနစ်လို ယန္တရားထဲ ဘဝကိုမြှုပ်ပြီးနေရတဲ့ မိန်းမသားတွေပဲ ဆိုပါတော့။ အဲ အဲဒီအစွန်းတရား အနေအထားရဲ့ ဆွဲငင်အားက ကင်းဝေးရာ အလယ်အလတ်တန်းလွှာက အမျိုးသမီးတွေရဲ့ ကြီးမားတဲ့ အင်အားကိုလည်း ချန်ခဲ့လို့ မရပါဘူး။ ယောက်ျား မိန်းမမဟူ တန်းတူညီတူဖြစ်ရေးဆိုတဲ့ အနောက်တိုင်း ဩဇာရနံ့မကင်းတဲ့ အလယ်အလတ်တန်းလွှာ

ကာ

အမျိုးသမီးတွေဟာ မြို့ပြဘဝ ဖြစ်ထွန်းလာမှပဲ တစ်နည်းပြောရရင် မြို့ပြ အာရုံခံစားမှု၊ ပညာရေး အသိနယ်ပယ် ဖြန့်ကြက်မှုနဲ့ စက်မှုရပ် အဖွဲ့အစည်း ပြောင်းလဲ ဖြစ်ပေါ်မှုတွေအရ အားမာန်သစ်တွေ ကျစ်လျစ်နိုးကြားပြီး သူတို့ပါဝင်နေတဲ့ လူ့အဖွဲ့အစည်းကို အလှည့်အပြောင်းဖြစ်ရေး အားမွေးရုန်းကန်သူတွေ ဖြစ်ကြတယ်။ လမ်းကြောင်းသစ်ကို ဖွင့်လှစ်ထူထောင်ဖို့ ဦးဆောင်သူ လူတန်းစားအလွှာတွေ ဖြစ်လေ့ရှိပါတယ်။

မိုးမိုး(အင်းလျား)ရဲ့ 'ပျောက်သောလမ်းမှာ စမ်းတဝါး' ထဲက 'လှိုင်' ဆိုတဲ့ အဓိကဇာတ်ဆောင် အမျိုးသမီးဆိုရင် တက္ကသိုလ်က ဘွဲ့ရ ခေတ်ပညာတတ်တစ်ဦး ဖြစ်ပါတယ်။ အလုပ်မရှိဖြစ်နေတဲ့ 'လှိုင်) ဟာ လခစားအလုပ်သမားလေးတစ်ဦးဖြစ်တဲ့ သူ့ချစ်သူနဲ့အတူ အိမ်ထောင်တစ်ခုကို အခိုင်အမာ ထူထောင်ဖို့ ရုန်းကန်ခဲ့ရတယ်။ အိမ်ထောင်ရက်သား ကျပေမယ့် လူလူသူသူဖြစ်လောက်တဲ့ အမိုးအကာ အိမ်ကလေးတစ်ခု မပိုဆိုင်ကြရှာတဲ့ သူတို့ဇနီးမောင်နှံခင်မှာ သူ့ခင်ပွန်းရဲ့ ဆွေမျိုးတွေ၊ တစ်နည်း ပြောရရင် ယောက္ခမအိမ်မှာပဲ နေဖို့ ဆုံးဖြတ်ခဲ့ကြတယ်။ ဒါပေမဲ့ လင်ယောက်ျားဘက်က ဆွေမျိုးတွေနဲ့ အတူတကွ နေကြည့်တဲ့အခါ ဘယ်လိုမှ သည်း

ညည်းမခံသာဖွယ် လူမှုရေးဖိစီးမှုလေးတွေ တစ်ခုပြီး တစ်ခု ရိုက်ခတ်ခြင်းခံခဲ့ရတဲ့ လှိုင်ဟာ နောက်ဆုံးတော့ တခြားအိမ်ခန်းလေး တစ်ခန်းမှာ ငှားရမ်းပြီး မိမိတို့ဇနီးမောင်နှံ နေတော့မယ်လို့ စိတ်ဆုံးဖြတ်ခဲ့ရတော့တယ်။ ဘဝရပ်တည်ရေးအတွက် လှိုင်တို့လင်မယားဟာ နှစ်ယောက်စလုံး အလုပ်လုပ်ကြရတယ်။ မိမိတို့ရဲ့ ရင်သွေး မျိုးဆက်သစ်ကလေး မွေးဖွားရတယ်။ နောက်ဆုံးမှာ လင်ယောကျ်ားဘက်မှာရော လှိုင့်ဘက်မှာပါ ကိုယ့်အကြောင်းနဲ့ကိုယ် အခက်အခဲတွေ ရှိလာကြတယ်။ ယောကျ်ားနဲ့ ခွဲဆင်းပြီး မိမိရဲ့ အဆောင်ဟောင်းကို ပြန်ပြောင်း နေခဲ့ရတယ်။ ကိုယ်ချစ်တဲ့ ယောကျ်ားကို ဘာစကားမှ မပြောချင်

တ

လောက်အောင် အခြေအနေတွေက တင်းကျပ်လာခဲ့တယ်။ ဒါတွေ ရန်ကုန်မြို့မှာ ရုန်းကန်နေတဲ့ အထက်တန်းလွှာ ပညာတတ် မိန်းမတစ်ဦးရဲ့ ပီပြင်တဲ့ဖြတ်သန်းမှုပါပဲ။ မိုးမိုးဟာ သူ့ဘဝ ဖြတ်သန်းမှုထဲက ရင်ခုန်မှုတွေကို စုစည်းပြီး ဖန်တီးလိုက်တဲ့ မြို့ပြ မိန်းမသားတစ်ဦး အကြောင်း အဖွဲ့အနွဲ့ပါပဲ။ ဘာသာပြန်သူ ယာဆုကို ဒိုဘာရှီ ကြိုးကြိုးစားစား ပြန်ဆိုခဲ့တဲ့ မိုးမိုး(အင်းလျား)ရဲ့ ဒီဝတ္ထုမှာ စာရေးသူဟာ ‘မိန်းမတွေရဲ့ လောကကို တင်ပြဖို့ အားထုတ်ထားရာမှာ သူမအပါအဝင်ဖြစ်တဲ့ အလယ်အလတ်တန်းလွှာက မိန်းမပျိုကလေးရဲ့ ဘဝစုတ်ချက်က ပိုလို့ လင်းတောက်နေတော့တယ်။

လူမိုးအေး

မဟောသီ၊ ဧပြီ၊ ၁၉၈၇။

***

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် ရန်ကုန်မြို့ရှိ တက္ကသိုလ်များမှ ကျောင်းသားကျောင်းသူများ၏ ရသစာပေစကားဝိုင်း

(ရန်ကုန်တက္ကသိုလ် ဘွဲ့နှင်းသဘင် ခန်းမ၊ ၂၈၊ ဩဂုတ်လ၊ ၂၀၁၈)

မမေရတနာဦး (ရန်ကုန် နိုင်ငံခြားဘာသာ တက္ကသိုလ်)

ဇာတ်လမ်းတိုင်း စီးမျောသွားတဲ့ ဇာတ်ဆောင်တွေဆိုတာက ဆရာမမိုးမိုး(အင်းလျား)

ရဲ့ ပျောက်သောလမ်းမှာ စမ်းတဝါးပေါ့။

အဲဒီမှာ ဇာတ်ဆောင်တွေဟာ သူ့ဇာတ်လမ်းအတိုင်း စီးမျောသွားတယ်။ သူတို့ ဘယ်လောက် ချစ်ပေမယ့်လည်း အရံအတားတွေရှိတယ်။ အရံအတား ဆိုတာက ကုန်ဈေးနှုန်းတွေရှိမယ်၊ သူတို့ စီးပွားရေးအဆင်မပြေမှု၊ ကလေးနို့မှုန့်ဖိုးမရှိဘူး။ ကောင်မလေးက ပညာတတ်တယ် ဆိုသော်လည်း အလုပ်တစ်ခုရဖို့ အရမ်းခက်ခဲတယ်။ သူအရမ်းခက်ခဲတဲ့အတွက် စာရေးမ ဝင်လုပ်ရတယ်။ သူ့ပညာနဲ့ မဆိုင်တဲ့ စာရေးမကို ဝင်လုပ်ရတယ်။ နောက်ပိုင်း ဆရာမကိုယ်တိုင် အမှာစာမှာ ရေးထားတာက ဇာတ်ဆောင်တွေကို ဘယ်လိုပုံစံနဲ့ ဆက်ပြီးတော့ သွားရမလဲဆိုတာ သူကိုယ်တိုင်မသိတဲ့ အတွက်ကြောင့် ဒီအတိုင်းပဲ ရပ်လိုက်ရပါတယ်လို့ တောင်းပန်ပါတယ်။ ကောင်မလေးက နောက်ဆုံး ကျတော့ ရှာပြန်သွားတယ်။ ကလေးလေးနဲ့ ကောင်လေးက နေခဲ့ရတယ်။ သူတို့နှစ်ယောက် မချစ်ဘူး ဆိုတာလည်း မဟုတ်ဘူး။ သူတို့ရဲ့ အခြေအနေ အရပ်ရပ်ကြောင့် သူတို့တွေ ကွဲသွားတယ်။ သူတို့ ဇာတ်ဆောင်တွေ စိတ်ကြောင့်မဟုတ်ဘဲနဲ့ ဒီ

ဇာတ်လမ်းအတိုင်းပဲ ဇာတ်ဆောင်တွေဟာ စီးမျောသွားတယ်လို့ ထင်ပါတယ်။

၃

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်

ဆရာမမိုးမိုး(အင်းလျား)က ပိုပြီးတော့ လူမှုဘဝကို ရောင်ပြန်ဟပ်တဲ့ဟာမျိုးတွေ ရေးလေ့ရှိတယ်။ ဆရာမဂျူးကတော့ အချစ်အကြောင်းတွေကို အဓိကထား ရေးတာပေ့ါ။ အမှတ်တရမှာ ဆိုရင် စုစုထွေးဟာဆိုရင် သူက ကောင်လေးကို ဘယ်လောက်ချစ်တယ် ဆိုတာကို အဓိကထားပြီး ရေးသွားတယ်။ မိုးမိုး(အင်းလျား) ကတော့ သူ့ဇာတ်လမ်းမှာ ဖော်ထုတ်ချင်တာကတော့ ကိုယ့်ရဲ့ပုဂ္ဂလိက ပုဂ္ဂိုလ်ရေးအရ ခံစားချက်တွေအပေါ်မှာ ပတ်ဝန်းကျင်ရဲ့ အနေအထားက ဘယ်လောက် လွှမ်းမိုးမှုရှိသလဲ၊ သူက လူမှုရေးဘက်က ပိုပြီးတော့ ရေးတာလို့ထင်တယ်။ ခံစားချက်ဘက်က ပိုပြီး ရေးတာမဟုတ်ဘူး။ မိုးမိုး(အင်းလျား) ဝတ္ထုက ဇာတ်လမ်းကို အခြေခံတယ်။ အမှတ်တရကတော့ ဇာတ်ဆောင်ကို အခြေခံတယ်လို့ ပြောချင်ပါတယ်၊ အဲလိုထင်ပါတယ်။ သားအနေနဲ့ ဇာတ်ဆောင်တွေနဲ့ ဇာတ်လမ်းတွေ ဘယ်ဟာက ပိုအရေးကြီးလဲ။

***

သည့်နေ့အဖို့တော့ ဘာပဲဖြစ်နေနေ ကိုကို့ကို စိတ်မကောက်ဘဲ နေမည်ဟု ကျွန်မ ဆုံးဖြတ်ထားသည်။ ဆုံးဖြတ်ထားသည့်အတိုင်း ဖြစ်စေရန်မှု အတော့်ကို ကြိုးစားနေရပါသည်။ ခါတိုင်းလိုသာဆိုလျှင် စိတ်ကောက်ရုံသာမက နှစ်ရက်လောက် စကားမပြောဘဲ နေမိပါလိမ့်မည်။

ကျွန်မသည် စိတ်ရှုပ်ရှုပ်နှင့် ခေါင်းမှဆံပင်ကိုပင် တအားဖွ၍ ကုတ်ပစ်လိုက်ချင်ပါသည်။ သို့သော် အချိန်တစ်နာရီကျော် ကြာအောင်စောင့်၍ အလှပြင်ဆိုင်တွင် ထုံးခဲ့ရသော သည်ဆံထုံးကို ဖျက်ပစ်၍ မဖြစ်ပါ။ ပြီး လူပုံအလယ်မှာ မဟုတ်ပါလား။ မိတ်ကပ်ကို အစပ်အဟပ်တည့်အောင် အတော်ကြိုးစား၍ လိမ်းခဲ့ရသော ကျွန်မမျက်နှာသည်ပင် ချွေးသီးချွေးပေါက်များဖြင့် အဆီပြန်နေပါပြီ။ ကျွန်မ၏ ယောက်မလောင်းဖြစ်သူ ကိုကို့ညီမလေးကို လှမ်းကြည့်လိုက်တော့လည်း မျက်နှာလေးငယ်ငယ်ဖြင့် စားပွဲ တစ်နေရာတွင် ထိုင်နေသည်ကို တွေ့လိုက်ရသည်။ ကျွန်မ သူငယ်ချင်းများကတော့ ကြွေ့ကြွေ့မပျက် စောင့်ဆိုင်းနေပါသည်။ သူတို့ ဆာလောင်နေကြပေရော့မည်။ တကယ်တော့ ကျွန်မတို့၏ အစီအစဉ်ကို ညနေငါးနာရီတွင် စရန်ဖြစ်ပါ၏။ ယခု ခြောက်နာရီကျော်လာပါပြီ။ ကိုကို့ကိုမူ အရိပ်အယောင်မျှ မမြင်ရသေး။ ကိုကို သူငယ်ချင်းများက စိတ်ပူဟန်မပြဘဲ ကျွန်မကို နှစ်သိမ့်နေပါသည်။

'ကားပျက်နေတယ် ထင်ပါရဲ့'

ကိုကြည်ဝင်းသည် သည်စကားကိုပင် ဆဋ္ဌမအကြိမ်မြောက် ထပ်ပြောပြန်ပါသည်။ လေးနာရီခန့်တွင် ကျွန်မနှင့် ကျွန်မသူငယ်ချင်း တစ်စုကို ကိုကို

ကိုယ်တိုင် အဆောင်မှလာကြိုပြီး သည်နေရာကို ပို့ခဲ့သည်။ ဝှမ်ချူး ဟိုတယ်၏ မြက်ခင်းပြင်တွင် ကျွန်မတို့ ညှော်ခံပွဲအတွက် စားပွဲကုလားထိုင်များ အဆင်သင့် ဖြစ်နေပါပြီ။ ကိုကိုက 'ကိုကိုအခုပြန်လာမယ် ခဏလေး'ဟု ဆိုကာ သူငယ်ချင်း နှစ်ယောက်နှင့် ပြန်ထွက်သွားပါသည်။ သူငယ်ချင်း တစ်ယောက်ယောက်ကို သွားကြိုတာ ဖြစ်မှာပါပဲဟု ကျွန်မ ထင်လိုက်မိပါသည်။ တဖြည်းဖြည်းနှင့် လူစုံလာပါသည်။ ကျွန်မတို့ လူများများ ဖိတ်ကြားမထားပါ။ ကိုကို့အရင်းနှီးဆုံး သူငယ်ချင်းများနှင့် ကျွန်မ၏ အရင်းနှီးဆုံး သူငယ်ချင်းများ အားလုံးပေါင်းမှ လေးဆယ်လောက်သာ ရှိပါ၏။ လူကြီးများ မပါပါ။ လူငယ်များချည်းသက်သက် ပျော်စေလိုသောသဘောဖြင့် ကျွန်မတို့ စီစဉ်ခဲ့ပါသည်။ ခုအတိုင်းဆိုလျှင် လူကြီးတွေမပါတာ တော်သေးရဲ့။ အထူးသဖြင့် မေမေတို့၊ ဒေါ်ကြီးတို့ မပါတာတော်သေးရဲ့ဟု ကျွန်မတွေးမိသည်။ ကျွန်မ မေမေနှင့် ဒေါ်ကြီးသည် မနက်က ကျွန်မနှင့် ကိုကို တရားရုံးတွင် လက်ထပ်ရာသို့သာ လိုက်ပါခဲ့ပြီး နေ့လယ်ရထားနှင့် ပဲခူးသို့ ပြန်သွားကြပါသည်။ ကိုကို့မိဘများက နံနက်စာ ညှော်ခံကျွေးမွေးလိုက်ပါသည်။ သည်ပွဲက ကျွန်မတို့ ပွဲသက်သက်ဖြစ်သည်။ သည်မျှ အကျဉ်းရုံးပြီး စီစဉ်ထားပါလျက် အဆင်မပြေအောင် လုပ်ရက်သောကိုကို့ကို ကျွန်မ စိတ်ဆိုးလှပါသည်။ သို့သော် သည်နေ့ သည်ရက်တွင် ကိုကို့ကို စိတ်မဆိုး စိတ်မကောက်ဘဲ နေဖြစ်အောင်နေမည်ဟု ကျွန်မ ကြိုတင်ဆုံးဖြတ်ထားခဲ့သည့် အတိုင်း ကျွန်မ စိတ်တင်း၍နေရသည်။

'သူဘယ်သွားတာလဲဟင် ကိုကြည်ဝင်း လှိုင့်ကိုပြောစမ်းပါ၊ ကိုကြည်ဝင်းကို ကြည့်ရတာ တစ်မျိုးပဲ၊ သူသွားတဲ့နေရာ သိတယ်မဟုတ်လား၊ သူ ကိစ္စတစ်ခုခုနဲ့ ထွက်သွားတာမဟုတ်လား၊ ပြောစမ်းပါရှင့်'

ကိုကြည်ဝင်းသည် ကျွန်မကို စောစောကပင် တစ်စုံတစ်ရာ ပြောသင့်မ

ပြောသင့် စဉ်းစားနေဟန်တူပါသည်။ သူပြောသလို ကားပျက်နေ၍မဟုတ်မှန်း သူသိပါသည်။ သူက စိတ်ရှုပ်ဟန် ခေါင်းကိုကုတ်လိုက်ပါသည်။

'ဒီကောင်လုပ်လိုက်ရင် ဒီအတိုင်းချည်းပဲ'

သူက အပြစ်တင်သလို ညည်းသလိုလို ပြောပြန်ပါသည်။ ကျွန်မ စိတ်မရှည်နိုင်တော့ပါ။ ကိုကို့သူငယ်ချင်းကိုပင် အော်ပစ်လိုက်ချင်လာပါသည်။

'ဘာကိုလဲ ကိုကြည်ဝင်းရဲ့ သူ ဘာသွားလုပ်တာလဲ'

ကိုကြည်ဝင်းက ကျွန်မမျက်နှာကို မသက်မသာပြန်ကြည့်ရင်း

'သူ ငွေသွားရှာနေတာ'

'မြတ်စွာဘုရား'

ကျွန်မ သေသာ သေလိုက်ချင်ပါတော့သည်။ ငါးနာရီတွင် စရမည့် မင်္ဂလာပွဲအတွက် လေးနာရီခွဲမှ ငွေရှာရသတဲ့။ ကျွန်မရင်မှာ ပူသွားပါသည်။ ငွေများမရရင်တော့ ဒုက္ခပါပဲ။ သူငယ်ချင်းတွေရှေ့မှာ အရှက်ကွဲရလျှင် လဲသေလိုက်ဖို့သာ ကောင်းပါတော့သည်။ စောစောက သူ ပြန်မရောက်သေး၍ စိတ်ပူရသည်ထက် ယခု ငွေများ အဆင်မပြေခဲ့ရင် ဟူသော အတွေးက ကျွန်မကို ပို၍နှိပ်စက်နေပါပြီ။ လွန်ခဲ့သော အပတ်ကပင် မိတ်ဆွေတစ်ဦးဆီမှ ငွေလှည့်ထားကြောင်း၊ အဆင်ပြေလိမ့်မည် ဖြစ်ကြောင်း သူက ပြောပြခဲ့ပါသည်။ ကျွန်မလည်း နောက်ထပ် မမေးခဲ့ပါ။ သည်လောက်တော့ အဆင်ပြေအောင် သူ စီစဉ်လိမ့်မည်ဟု ကျွန်မ ယုံကြည်ခဲ့မိသည်။ ခုတော့ ခက်ချေပြီ။

ကျွန်မ အပေါင်းအသင်းများဘက်သို့ ရဲရဲလှည့်မကြည့်ဝံ့တော့ပါ။

'ဆာတယ်ကွာ'

အရေးထဲ သူငယ်ချင်းတစ်ယောက်က ထအော်လိုက်သဖြင့် ကျွန်မက

ဟန်ဆောင်၍ အနိုင်နိုင်ပြုံးရင်း

'သည်းခံပါဦး သူငယ်ချင်းတို့ရာ၊ သူ သူ အရေးကြီးတဲ့ မိတ်ဆွေတစ်ယောက်ကို သွားကြိုနေလို့ ပါနော်'

'ဘယ်လိုလုပ်ရမလဲ ကိုကြည်ဝင်းရယ်၊ တစ်ခုခု ကြံစမ်းပါဦး'

ကျွန်မက ကိုကြည်ဝင်းဘက်သို့ လှည့်၍ တီးတိုးတိုင်ပင်ရပြန်ပါသည်။

'လိမ္မော်ရည် အရင်ချပေးရအောင်'

ကျွန်မတို့ မျက်နှာရိပ်မျက်နှာကဲကို ကြည့်၍ စောင့်ဆိုင်းနေကြသော စားပွဲထိုးများကို လိမ္မော်ရည် ချခိုင်းလိုက်ရပါသည်။ အစီအစဉ်က စကတည်းက လွဲရပါပြီ။ စားစရာချပြီးမှ လိမ္မော်ရည်ကို ဘေးမှ လိုက်ချပေးရန် ဖြစ်သည်။

ဟင်းလျာအစီအစဉ်မှာ တရုတ်ထုံးစံ ဖြစ်သဖြင့် တစ်မျိုးပြီးတစ်မျိုး ချသွားပြီး တစ်မျိုးပြီးလျှင် တစ်မျိုး သိမ်းသွားပေလိမ့်မည်။ သတို့သားမရှိပါဘဲ ကျွန်မတို့ ပွဲကို ဘယ်လိုစရပါမည်နည်း။

'ဟော လာပြီ လာပြီ'

ကျွန်မရင်ထဲမှ ခံစားချက်ကို ပြောမပြတတ်တော့ပါ။ ရုတ်တရက် ကိုကို့ဆီပြေးပြီး ငိုချလိုက်ချင်မိပါသည်။ အရေးဆိုလျှင် မျက်ရည် အလွန်ကျလွယ်သော ကျွန်မအဖြစ်ကို မျက်တောင် တဖျတ်ဖျတ်ခတ်၍ ဟန်ဆောင်လိုက်ရပြီး ကိုကို့ကို ဆီးကြိုလိုက်ရသည်။ ကိုကိုလှမ်း၍ ဆုပ်ကိုင်လိုက်သော ကျွန်မလက်များသည် အေးစက်နေပါလိမ့်မည်။

'အားလုံးကို တောင်းပန်ပါတယ်ဗျာ၊ လမ်းမှာ ကားပျက်နေလို့ ကြာသွားတယ်'

ကိုကိုက ဣန္ဒြေမပျက် တောင်းပန်ရင်း သူ့နေရာမှာ ထိုင်ချလိုက်သဖြင့် ကျွန်မပါ ရောယောင် ထိုင်လိုက်ရသည်။ သို့သော်

ကျွန်မစိတ်ကဖြင့် မအေးလှသေးပါ။

'အဆင်ပြေရဲ့လား ကိုကို'

ကျွန်မ တီးတိုးမေးမိပါသည်။

'ဣန္ဒြေမပျက်ပါနဲ့ လှိုင်၊ အဆင်ပြေပါတယ်'

ကိုကို့အပြောကို ဘဝင်မကျလှသော်လည်း အသာငြိမ်နေလိုက်ရပါသည်။ တစ်ပွဲပြီးတစ်ပွဲ ချလာသော ဟင်းများကို ကျွန်မ မျိုမကျတော့ပါ။ ကိုကို့ သူငယ်ချင်း တစ်ယောက်က ကျွန်မ လိမ္မော်ရည်ခွက်ထဲကို နောက်ပြောင်၍ ထည့်ပေးသော အရက်အနည်းငယ်ကိုပင် ကျွန်မ အမှတ်မဲ့ သောက်ချလိုက်ပါသည်။ ပြီးမှ မျက်နှာပျက်သွားသော ကျွန်မကို ကိုကိုကကြည့်ကာ ရယ်မောပါလေသည်။

'ရွှင်ရွှင်ပျပျနေစမ်းပါ လှိုင်ရာ၊ လာ သူငယ်ချင်းတွေကို လိုက်နှုတ်ဆက်မယ်'

ကိုကိုကတော့ သူငယ်ချင်းတွေက တစ်ယောက်တစ်လက် ဝိုင်းထည့်ပေးသော အရက် တန်ခိုးကြောင့်လားမသိ ရွှင်နေပါသည်။ ကျွန်မလက်ကိုဆွဲပြီး သူငယ်ချင်းများကို ရွှန်းရွှန်းဝေအောင် လိုက်နှုတ်ဆက်နေပါသည်။

'တို့ တော့ ရုပ်ရှင်ကြည့်ပြီးမှပြန်မယ်'

ကျွန်မ သူငယ်ချင်းများက အကျပ်ကိုင်ကြသည်။ ကျွန်မတို့မှာ ဘော်ဒါဆောင်တစ်ခုတွင် စုနေကြသော သူငယ်ချင်းတစ်စုသာ ဖြစ်ကြပါသည်။ သည်ည သူတို့နှင့်ခွဲ၍ ကိုကိုနှင့် လိုက်သွားမည့် ကျွန်မကို သူတို့က ကျီစယ်၍ ဆွဲထားလိုကြသည်။ ကိုကိုက ဣန္ဒြေမပျက် တဟဲဟဲရယ်ရင်း

'သဘောပါဗျာ သဘောပါ၊ စားပြီးရင် ရုပ်ရှင်သွားကြတာပေါ့'

'ဒီလိုဆို ကိုးနာရီခွဲပွဲ လက်မှတ်ဝယ်ခိုင်းလိုက်လေ၊ သမ္မတရုံမှာ၊ အားလုံး

ဆယ့်နှစ်ယောက် ရှိတယ်'

သူတို့က တကယ်ကြည့်မည့်ပုံနှင့် ပြောလာရာ ကျွန်မရင်မှာ ထိတ်သွားရပြန်သည်။ ကိုကို ဘယ်လိုစီစဉ်ပါ့မလဲ။

ကိုကိုက မြက်ခင်းအပြင်ဘက်သို့ ကျွန်မကိုဆွဲခေါ်ခဲ့ကာ မူးမူးနှင့်အန်နေသော သူ့သူငယ်ချင်း ကိုစိန်ဝင်းကို သွားခေါ်ရသည်။

'လှိုင်ကလည်း သိပ်ကြွေနွှဲပျက်တာပဲ၊ ဟော့ကောင်စိန်ဝင်း အမျိုးသမီးတွေက ရုပ်ရှင် ကြည့်ချင်တယ်တဲ့ကွ၊ ဘယ်လို လုပ်ရမလဲ'

'ကြည့်ချင် ပြလိုက်ပေါ့ကွ'

'ဒါတော့ မင်းပြောမှလား၊ မင်းမှာ ငွေဘယ်လောက် ကျန်သေးလဲ'

'မင်းလုပ်ချင်တာသာ လုပ်စမ်းပါကွာ၊ ငါ့မှာ ကားဘီးအပို တစ်လုံးပါတယ်၊ ဟိုတယ်မှာ အပေါင်ထားခဲ့မယ်၊ ဒီမှာ နာရီလည်း ရှိတယ်ကွ၊ ဘာမှမပူနဲ့'

'တိုးတိုးပြောစမ်းပါ ကိုစိန်ဝင်းရယ်'

မူးမူးနှင့် အော်နေသော ကိုစိန်ဝင်းကို ကျွန်မက တောင်းပန်ရပြန်ပါသည်။

ကိုကိုနှင့်ကျွန်မ အထဲကိုပြန်ဝင်လာကြသောအခါ သူငယ်ချင်းတချို့က ပြန်ရန် ဟန်ပြင်နေကြပါပြီ။

'အလကားနောက်တာပါ မိလှိုင်ရာ၊ တို့ ရုပ်ရှင်မကြည့်ပါဘူး။

အဆောင်ကိုပဲ ပြန်ပို့တော့'

'ကြည့်ချင်ရင်လည်း ရပါတယ်ဗျ၊ ကားမောင်းပို့ရမယ့် ကောင်က မူးနေလို့၊ ဒါပေမဲ့ နောက်ကား တစ်စီးတော့ ရှိပါသေးတယ်'

'အို နေပါစေ သတို့သားကြီးရယ်၊ ကဲ မမူးတဲ့ကားနဲ့ပဲ ကျွန်မတို့ကို ပြန်ပို့ပါနော်'

သူငယ်ချင်းများကို နှစ်ခေါက်ခွဲ၍ ပြန်ပို့ရသည်။ မြို့ထဲမှ သူငယ်ချင်းများလည်း အလျှိုအလျှို ပြန်သွားကြပါသည်။ နောက်ဆုံးတော့ ကိုကို့သူငယ်ချင်းတစ်စုနှင့် ကျွန်မတို့သာ ကျန်ခဲ့သည်။

ကျွန်မရင်ထဲမှာလည်း ခုမှပင် အေး၍ ပေါ့ပါးသွားပါသည်။

'ကဲ ပြန်ကြပါစို့ လှိုင်'

'ဘယ်ကိုပြန်ရမှာလဲ ကိုကိုရယ်'

ကျွန်မက နွမ်းလျစိတ်ပျက်စွာ ပြောလိုက်မိပါသည်။ တကယ်တော့ ကျွန်မတို့၏ မင်္ဂလာဦးည အတွက် သီးသန့်နားခိုရာသည် မရှိပါချေ။ လွန်ခဲ့သော ခြောက်လခန့်ကပင် ကျွန်မတို့နှစ်ဦးနေရန် အတွက် အိမ်ရှာခဲ့ပါသည်။ စိတ်ကြိုက်အဆင်ပြေသည့် အိမ်ကို ရှာမတွေ့ခဲ့ပါ။ နောက်ဆုံး ကျွန်မတို့ကြိုက်သည့်အိမ်မှာ သည်လကုန်မှ အရင်လူတွေ ဆင်းမည်ဖြစ်ရာ ကျွန်မတို့စောင့်ရဦးမည်။

အိမ်ရပြီးမှ လက်ထပ်လိုသော်လည်း ဗေဒင်အလိုအရ နေ့ကောင်းရက်သာကို ရွေးလိုက်ရသဖြင့် လောလောဆယ် အိမ်အခက်အခဲကို ကျွန်မတို့ရင်ဆိုင်ရပါသည်။ ကိုကိုတို့အိမ်မှာ မြို့လယ် တိုက်ခန်းကျဉ်းလေး ဖြစ်ပြီးအိမ်သားကများလှပါသည်။ ကျွန်မမှာ ထိုအခန်းကျဉ်းကလေး ထဲတွင် သွားနေရမှာကိုတွေးပြီး အသက်ရှူကျပ်နေမိသည်။ ဖြစ်နိုင်လျှင် အမေတို့ရှိရာ ပဲခူးကိုပင် သွားနေလိုက်ချင်ပါသည်။ ကိုကို့အလုပ်က ရန်ကုန်မှာမို့ သွားနေ၍မဖြစ်ပါ။

ကျွန်မတို့မှာ ပျားရည်ဆမ်းခရီး ထွက်လောက်အောင်လည်း ငွေကြေး မပြည့်စုံပါချေ။ ကျွန်မမှာ ဘွဲ့ရ အလုပ်လက်မဲ့တစ်ဦးသာ ဖြစ်ပါသည်။

ကိုကို့လခ သုံးရာကျော်ကို အားကိုး၍ ကျွန်မ လက်ထပ်ခဲ့ပါပြီ။

ရှေ့တွင် မည်သို့သော အခက်အခဲများ ပေါ်လာဦးမည်မသိပါ။

'ဘာတွေးနေတာလဲ လှိုင်ရယ်၊ ကိုကိုတို့အိမ်ကိုပဲ ပြန်ကြတာပေါ့ကွာ၊ ကိုကို့ခုတင်က အကျယ်ကြီးပါ၊ နှစ်ယောက်အိပ်လို့ ရပါတယ်လှိုင်ရဲ့၊ ကိုကို့ရင်ခွင်ကလည်း အကျယ်ကြီးပါလှိုင်ရယ်'

ကိုကိုကတော့ ကျွန်မကို ခပ်မြူးမြူးလေး ချော့နေပါသည်။

ဟုတ်ပါသည်။ ခုလို ပျော်ရွှင်ကြည်နူးရမည့် မင်္ဂလာဦးညမှာ ကျွန်မ တွေဝေနေ၍ မဖြစ်တော့ပါ။ ကြုံလာသမျှကို အပြုံးနှင့် ရင်ဆိုင်ရပေမည်။

'ဒီလိုဆိုလည်း လှိုင်တို့ ပြန်ကြတာပေါ့ ကိုကိုရယ်'

ကျွန်မက ကိုကို့လက်မောင်းကို မှီတွယ်ပြီး ထလိုက်ခဲ့ပါသည်။

'ကဲ ဘယ်ကိုပို့ ရမလဲ'

ကိုကို့သူငယ်ချင်းက ကားကို အသင့်စက်နှိုးရင်း မေးလိုက်ပါသည်။

'အိမ်ကိုပဲပေါ့ကွာ'

'ဘာ'

'ငါတို့ အိမ်ကိုလေကွာ၊ ၃၇ လမ်းကိုပေါ့'

'မင်း အရူးလား၊ မင်္ဂလာဦးညမှာ မင်းမယား အသစ်စက်စက်လေးကို လူပေါင်း နှစ်ဒါဇင်လောက်ရှိတဲ့ မင်းတို့ အခန်းလေးထဲ ခေါ်သွားပြီး ချွေးအောင်းခိုင်းမလို့လား'

'ခုချမ်းနေပါပြီကွ'

'မင်းဟာက မဟုတ်သေးပါဘူးကွာ၊ တခြား လွတ်လွတ်လပ်လပ် တစ်နေရာရာ သွားပါလား'

'အို အိမ်ကိုပဲ ပို့ပေးပါရှင်'

ကျွန်မမှာ ရှက်ရှက်နှင့် ဝင်ပြောမိသော်လည်း ကျွန်မကိုယ်တိုင်လည်း အမှန်ပင် ကိုကိုတို့အိမ်သို့ မပြန်ချင်ပါ။

'ကဲ ငါတို့အိမ်သာ လိုက်ခဲ့ပါကွာ၊ အိမ်မှာ မိန်းမနဲ့ ကလေးတစ်ယောက်ပဲ ရှိတယ်ကွ'

ကိုကို့သူငယ်ချင်း ကိုစိုးမြင့်က ဝင်ပြောလာပါသည်။

'ဟုတ်သားပဲ အဲဒီကိုပဲ သွား'

ကိုစိန်ဝင်းက တိုက်တွန်းနေရာ ကိုကိုနှင့်ကျွန်မမှာ သူတို့ အစီအစဉ်ကိုပင် လိုက်နာကြရ ပါတော့သည်။ ကိုစိုးမြင့်တို့ အိမ်မှာ နှင်းဆီကုန်းတွင် ရှိပါသည်။ မှုးမှူးနှင့် မောင်းနေသော ကိုစိန်ဝင်း၏ကားကိုပင် ကျွန်မတို့ စိတ်ချလက်ချ တပျော်တပါး စီးခဲ့ကြသည်။ ကားလေးသည် လမ်းမှ ချိုင့်များခဲများပေါ်တွင် ဖြတ်နင်းနေရ၍ ခုန်ပေါက် ယိမ်းထိုးနေပါသည်။ မြို့ပြင် ရောက်လာမှ ဆောင်းဦး၏အရသာကို သိသိသာသာ ခံစားလာရသည်။ အအေးဓာတ်သည် လွှမ်းမိုးလာပါပြီ။ ကိုကိုက ကျွန်မကို ရင်ခွင်ထဲ သွင်းထားလိုက်သည်။ ကိုကို့သူငယ်ချင်း တစ်ယောက်က သီချင်းတစ်ပုဒ်ကို သီဆိုလိုက်ပါလာသည်။ သည်လိုတော့လည်း ပျော်စရာကောင်းသားပဲဟု ကျွန်မ တွေးနေမိပါသည်။

တကယ်တော့ ကျွန်မသည် စိတ်ကူးယဉ်တတ်ခဲ့သော မိန်းကလေးတစ်ယောက် ဖြစ်ပါသည်။ ကျွန်မ ဖတ်ရဖူးသော ဝတ္ထုစာအုပ်ထဲမှ သတို့သားနှင့် သတို့သမီးတို့၏ မင်္ဂလာဦးည ကိုလည်း တွေး၍ စိတ်ကူးယဉ်ခဲ့ဖူးပါသည်။ ခမ်းနားကြီးကျယ်သော မင်္ဂလာပွဲမှအပြန် သတို့သားနှင့် သတို့သမီးသည် ကိုယ်ပိုင်ကားလေးကို မောင်းနှင်၍ အင်းလျားလမ်းရှိ တစ်ထပ်တိုက်ကလေးကို သွားနေပါသည်။ ဤတိုက်ကလေးမှာ အသစ်စက်စက် ဇနီးမောင်နှံအတွက် သီးသန့် ဆောက်လုပ်ထားခဲ့ခြင်း ဖြစ်သည်။

ပိုးဖဲကတ္တီပါတို့ဖြင့် လှပသေသပ်စွာ ခင်းကျင်းထားသော နှစ်ယောက်အိပ် ခုတင်ကြီးဘေးဝယ် လှပသော မှန်တင်ခုံအသစ် စက်စက်ကလေးက ရှိနေသည်။ သတို့သမီးသည် မှန်တင်ခုံရှေ့တွင် ထိုင်လျက် လက်ဝက် လက်စားကလေးများကို ဖြုတ်သိမ်းနေသည်။ ထိုအချိန်တွင် သတို့သားက နောက်နားမှလာရပ်လျက် အသစ်စက်စက် ဇနီးသည်ကလေး၏ ပခုံးလေးကို ဆွဲလှည့်ကာ

ဤသည်ကား ကျွန်မ၏ စိတ်ကူးယဉ် ဇာတ်လမ်းထဲမှ ကြင်စဦးမောင်နှံ၏ မြင်ကွင်းသာ ဖြစ်ပါသည်။ တကယ်လက်တွေ့မှာမူ

'ကဲ ဒီကပဲ ဆင်းလျှောက်ကြပေတော့၊ ဆက်မောင်းလို့ မရတော့ဘူး'

မှန်ပါသည်။ ရှေ့တွင် လူသွားလမ်းလေးသာ ရှိပါတော့သည်။ သည်နေရာအထိ ကြမ်းတမ်းလှသော လမ်းကို ကားအနာခံ၍ လိုက်ပို့သည်ကိုပင် ကျေးဇူးတင်ရပေတော့မည်။ နှင်းဆီကုန်း ရပ်ကွက်လေးသည် တိတ်ဆိတ်မှောင်မည်းလျက် ရှိပါသည်။ မြို့ထဲမှာလို မီးထိန်ထိန်လင်းမနေ။ လမ်းသွားလမ်းလာတွေလည်း ရှင်းနေပေပြီ။ ကျွန်မတို့သည် မှောင်မှောင်မည်းမည်းထဲမှာပင် အဝတ်အစား တပြောင်ပြောင်ဖြင့် လျှောက်လာခဲ့ကြပါသည်။ ကျွန်မ၏ ဒေါက်မြင့်ဖိနပ်သည် မညီညာသော လမ်းပေါ်မှ ခဲလုံးများကို နင်းမိပြီး မကြာခဏ ယိမ်းထိုးလဲပြိုမလို ဖြစ်နေရသည်။ မမူးဘဲနှင့် လဲချင်နေသောကျွန်မကို ကိုကိုက မူးမူးနှင့်ထိန်းပေးပါသည်။ ကိုစိုးမြင့်က ရှေ့မှ လမ်းပြ၍ ခေါ်သွားသည်။

ကိုစိုးမြင့်၏ဇနီးက ကျွန်မတို့ကို တအံ့တဩ ဝမ်းပန်းတသာ ဆီးကြိုရှာပါသည်။ ကျွန်မအတွက် လဲစရာ အဝတ်ကိုလည်း ထုတ်ပေးရသည်။ အားနာလိုက်သည်မှာ ပြောစရာမရှိတော့။ သို့သော် မတတ်နိုင်ပါပြီ။ သည်နေ့အဖို့တော့ ရောက်လေရာသာ သုခလို့ မှတ်ပေတော့ မိလှိုင်ရေဟု ကိုယ့်

ကိုယ်ကိုယ် အားပေးမိသည်။

ကျွန်မတို့အတွက် ဖျာတစ်ချပ်၊ ခေါင်းအုံးတစ်လုံး၊ စောင်တစ်ထည် ခွဲတမ်းကျလာပါသည်။ တစ်လုံးတည်းသော ခြင်ထောင်ကိုတော့ သူတို့၏ ကလေးငယ်ကိုညွှာကာ ပြန်ပေးရသည်။

ဆောင်းလေသည် စိမ့်၍အေးလာသည်။

'တံခါးပိတ်လိုက်ပါဦး ကိုကိုရယ်'

အိပ်ရာပေါ်ပစ်လှဲလိုက်သော ကိုကို့ကို ကျွန်မက ပြောမိသည်။

'ပိတ်စရာတံခါးမှ မရှိတာလှိုင်ရဲ့'

'ဟင်'

ယခုမှ ကျွန်မကြည့်မိသည်။ အိမ်ရှေ့တွင် ထရံကွက်ကျား ရိုက်ထားသော တံခါးတစ်ချပ်မှလွဲ၍ သစ်သားတံခါးမကြီး မရှိပါချေ။ ထို့ကြောင့်လည်း လေက တဟူးဟူး တိုးဝင်လာ၍ တစိမ့်စိမ့် အေးပါလေတော့သည်။

ကိုကိုသည် ကျွန်မကို ရင်ခွင်ထဲဝှက်ထားပြီး စောင်နှင့် ထွေးပွေ့ထားပါသည်။ သို့တိုင်အောင် ကျွန်မ နားရွက်ကလေးများ အေးစက်နေပါသည်။ ကျွန်မပါးကို ထိနမ်းလာသော ကိုကို၏ နှာခေါင်းဖျားလေးသည်ပင် အေး၍နေပါသည်။

မင်္ဂလာဦးညမှာပင် မတွေးကောင်းသော အရာကို ကျွန်မတွေးမိချေသည်။

မေတ္တာနဲ့ ထွေးတိုင်းလည်း မနွေးပါလား ကိုကိုရေ။

***

ကိုကိုတို့အိမ်သည် ၁၂ပေသာ ကျယ်ဝန်းသော တိုက်ခန်းလေးမျှသာ ဖြစ်သည်။ ကျွန်မတို့မှာ တောသူပီပီ အိမ်ကို ကျယ်ကျယ်ဝန်းဝန်း နေလာခဲ့ရသူဖြစ်၍ သည်တိုက်ခန်းကျဉ်းလေးဝယ် အသက်ရှူကျပ်လှပါသည်။ လူဦးရေကိုလည်း ကြည့်ပါဦး။ ဤအိမ်၏ အဓိပတိကြီးဟု ဆိုရမည့် ဘွားဘွားမြင့်၊ ကိုကိုတို့ဖေဖေ၊ ကိုကိုတို့ ဖေဖေ၏အစ်မ ကိုကို့ကြီးကြီးဖြစ်သူ ဒေါ်သူဇာ၊ ကိုကို့အစ်ကို ကိုထွန်းသာနှင့် ဇနီးအပြင်သားသမီး သုံးယောက်၊ ကိုကို့ညီမ အပျိုပေါက်လေး တစ်ယောက်နှင့် ဆိုတော့ အားလုံးပေါင်း ကိုးယောက်။ ကျွန်မနှင့်ကိုကိုပါ ပေါင်းလိုက်တော့ ၁၁ ယောက်။ မလူးသာ မလှည့်သာ။ပြီး ကိုထွန်းသာ၏ ကလေးသုံးယောက်ကလည်း ဆူလှဆော့လှသည်။ ကလေးတို့၏ မိခင်ကလည်း သူ၏ သားသမီးများကို 'ဟဲ့' ဆို၍ တစ်ချက်မငေါက်စဖူး။ ထမင်းချက်ချိန်မှလွဲ၍ ကျန်သည့်အချိန်တွင် ဝတ္ထုမဂ္ဂဇင်း စာအုပ်များနှင့်သာ မွေ့လျော်နေလေသည်။

တစ်အိမ်လုံး ကြောက်ရသည်ကတော့ ဘွားဘွားမြင့်ပါပဲ။ သူ့နောက်ဒုတိယလိုက်သူက ဒေါ်သူဇာဖြစ်၍ တတိယစွဲသူကတော့ မြီးကောင်ပေါက်မလေး 'အေးမြစံသာ' ဖြစ်ပါချေသည်။ ကိုကို့ဖေဖေ ဦးစံသာကတော့ လူရိုးလူအေးတစ်ဦးသာ ဖြစ်သည်။ အမေနှင့်အစ်မကို သံယောဇဉ် ကြီးသည်။ သားသမီးများကို ခင်တွယ်သည်။ မြေးများကို ချစ်သည်။ ချွေးမများကို လိုက်လျောသည်။

ကိုကိုတို့ကို အထည်ကြီးပျက်များဟု ဆိုရပေမည်။ ဘွားမြင့်သည် တစ်ချိန်က လျှမ်းလျှမ်းတောက် ထင်ပေါ်ခဲ့သော ရဲမင်းကြီးကတော် မိန်းမချောကြီး

ဖြစ်ခဲ့သည်။ ဖေဖေသည်လည်း ပြန်တမ်းဝင် အရာရှိကြီးတစ်ယောက် ဖြစ်ခဲ့သည်။ ကြီးကြီးသူဇာသည် တက္ကသိုလ် မရောက်ခဲ့ဖူး သော်လည်း သူ့ခေတ် သူ့အခါက နာမည်ကြီးပေ့ဆိုသော သာသနာပြုကျောင်းထွက် မာနခဲတစ်ဦး ဖြစ်ခဲ့သည်။ ထို့ကြောင့်လည်း ကိုကို့မိဘနှင့် ဆွေမျိုးအသိုင်းအဝန်းက အရာရှိအရာခံ သားသမီးကိုသာ အထင်ကြီးသည်။ ပညာတတ်လူတန်းစား ကိုသာ လူရာဝင်သည်ဟု ထင်သည်။ အစ်ကိုကြီး ကိုထွန်းသာသည် ကုန်သွယ်ရေးဌာနမှ အရာရှိတစ်ဦးဖြစ်ပြီး သူ့ဇနီး မခင်မာသည် မြို့နယ် ဆရာဝန်ကြီး တစ်ဦး၏ သမီးဖြစ်သည်။ သူမကိုယ်တိုင်က ၁၀ တန်းအောင် ပြီး ကျောင်းထွက်ခဲ့သူ ဖြစ်သည့်တိုင် ခုခေတ်ပညာကို အထင်မကြီး၊ သူမတို့ အဖို့ အလုပ် လုပ်စရာမလို၍ ရွှေပေါ်မြတင် နေလာခဲ့သူဟု ဂုဏ်ယူသည်။

၁၂ပေ တိုက်ခန်းကျဉ်းလေးတွင် နေနေရသည့်တိုင် ဤမိသားစု၏ စိတ်ဓာတ်သည် ရွှေတောင်ကြားလမ်းမှ တိုက်ကြီးရှင်တို့အလား ဟန် တစ်ခွဲသားနှင့် သွားလာဆက်ဆံတတ်သည်။ သူတို့ကိုယ်တိုင်က အကြောင်းမလှ၍ ချမ်းချမ်းသာသာ လျှမ်းလျှမ်းတောက် မနေနိုင်သည့်တိုင် နေနိုင်သည့် ဆွေမျိုးများဂုဏ်ကို ဖော်ထုတ် အမြဲဝင့်ကြွားတတ်သည်။ ကိုကို့ ကိုပင် ဆွေမျိုးထဲမှ မောင်နှမဝမ်းကွဲတော်သူ တရားသူကြီးတစ်ဦး၏သမီး တက္ကသိုလ်မှ ကထိက ဆရာမတစ်ဦးနှင့် ပေးစားရန် စေ့စပ်ဖူးသည်ဟု ကြီး ကြီးသူဇာက အမြဲပြောလေ့ရှိသည်။ ကိုကိုသည် သူတို့စကားကို နားမ ထောင်ဘဲ ကျွန်မကို လက်ထပ်ခဲ့ဟန်တူလေသည်။

ကျွန်မမှာ သာမန် ကုန်သည်သားသမီး ဖြစ်၍ ကျွန်မကို သူတို့ အထင်မ ကြီးကြပါ။ ပြီး ရိုးရိုးနှင့် တောဆန်ဆန် ဝတ်စားနေထိုင်တတ်သော မေမေ တို့ကို ကြည့်၍လည်း အထင်သေးပုံရသည်။ ပြီးတော့ ကျွန်မသည် ဘွဲ့ရခဲ့ သည့်တိုင် အလုပ်လက်မဲ့တစ်ဦးသာ ဖြစ်ချေသည်တကား။ နောက်ခံ

အားဖြင့်လည်း မခင်မာတို့လို ဂုဏ်မရှိလှချေ။

နံနက် အိပ်ရာထလျှင် ဘွားမြင့်၏အသံသည် စီညံ၍ထွက်လာသည်။ အသက် ၇၀ ကျော်သော်လည်း ဘွားမြင့်မှာ ကျန်းမာသန်စွမ်းဆဲဖြစ်သည်။ သူ့မျက်နှာသုတ်ပဝါကို သူကိုယ်တိုင် လျှော်သည်။ အင်္ကျီလုံချည်များကို ဒေါ်သူဇာမှလွဲ၍ မည်သူမျှ လျှော်ဖွပ်ပေး၍ မရ။

'ဟဲ့ အမယ်လေး အိပ်လိုက်ကြတာနော်၊ ခြောက်နာရီထိုးတော့မယ်ဟဲ့'

ဘွားမြင့်၏အသံကြောင့် ကျွန်မ ငေါက်ခနဲ ထထိုင်မိပါသည်။ ညက ကိုကို အဆွယ်ကောင်း၍ ကိုးနာရီခွဲပွဲ ရုပ်ရှင်သွားကြည့်မိသည်။ ပြန်လာတော့ သူများတွေအိပ်တုန်း နှစ်ယောက်တည်း လွတ်လွတ်လပ်လပ် မီးဖိုချောင်မှာ စကားပြောနေမိကြရာ နှစ်နာရီ ထိုးခါနီးမှ အိပ်ရာဝင်ဖြစ်သည်။ အိပ်ရေးမဝ၍ ခေါင်းမူးရသည့်အထဲ ကိုကို့ခုတင်တွင် နှစ်ယောက်ပေါင်းအိပ်ရ၍ ခြေလက်မဆန့်သာ သဖြင့် ညောင်းညာကိုက်ခဲနေပါတော့သည်။ ကိုကိုက ကျွန်မကို အသာပြန်ဆွဲ၍ အိပ်စေပါသည်။ ကျွန်မတို့နှစ်ယောက် ခုတင်ကို ကန့်လန့်ကာတစ်ခုဖြင့် ကာရံထားပါသည်။

'အိပ်နေစမ်းပါ လှိုင်ရာ၊ ခုလို အော်တာဟာ ဘွားမြင့်အကျင့်ပဲ။ ရိုးနေပါပြီ၊ အိပ်သာ အိပ်စမ်းပါ၊ တော်ကြာ နေမကောင်း ဖြစ်နေမယ်'

'ဟင့်အင်း မအိပ်ရဲဘူးကိုကို၊ ကိုကိုရုံးသွားဖို့ အင်္ကျီမီးပူ မတိုက်ရသေးဘူး၊ တော်ကြာ ကိုယ့်လင်အဝတ်တောင် အလျဉ်မီအောင် လုပ်မပေးနိုင်ဘူးလို့ ကြီးကြီးသူဇာက ပြောနေဦးမယ်'

'မီးပူမတိုက်ရသေးလည်း ဒီအတိုင်း ဝတ်သွားပ့ါမယ်ကွာ၊ ခဏဖြစ်ဖြစ် လှဲနေစမ်းပါဦး'

'ဟဲ့ မခင်မာ၊ ညည်းလင်တွေ ညည်းသားတွေစားဖို့ သောက်ဖို့ထပြု

ချက်ပြုတ်ပါတော့လား၊ ညည်းတို့ချည်းများနေရင် ဘယ်လိုနေကြမယ်မသိဘူး၊ ကြည့်စမ်းချင်လှတယ်’

မခင်မာသည် အိပ်ခန်းထဲမှ အိပ်ချင်မူးတူး ထကာ ရေချိုးခန်းအတွင်း ဝင်သွားပါသည်။ နောက်မှ သူ့သားအငယ်ဆုံး တူးတူးသည် အခန်းဝတွင် ရပ်၍ ငိုနေလေသည်။

‘တူးတူးလေး လာလာ၊ အန်တီဆီလာ’

ကျွန်မက မနေသာ၍ တူးတူးကို ဝင်ချော့နေမိသည်။ ထိုစဉ် အေးမြစံသာက လုံချည်ရင်ရှား မလုံ့တလုံဖြင့် ရေချိုးခန်းဝတွင် ရပ်ကာ တံခါးကို တဒုံးဒုံးထုပါတော့သည်။

‘မမခင်မာ မမခင်မာ၊ မြန်မြန်လုပ်စမ်းပါ။ ဒီမှာ ကျောင်းမမီဘဲနေတော့မယ်’

‘အေးပါဟ ခဏလေး၊ မျက်နှာသစ်ရုံတင်ပါ’

မခင်မာ ရေချိုးခန်းမှထွက်ပြီး မီးဖိုခန်းထဲ ဝင်သွားရာသို့ တူးတူးက ငိုယိုလိုက်ပါသွားသည်။ မခင်မာ၏ သမီးနှင့် သားအကြီး နှစ်ယောက်သည် မီးဖိုခန်းတွင် ဘယ်အချိန်က ရောက်နေနှင့်သည်မသိ ထမင်းစားပွဲတွင် ထိုင်ကာ မလှီးရသေးသော ပေါင်မုန့်ကို ဝိုင်းဖွဲ့နေကြပေပြီ။

‘အမလေးတော်၊ ကဲလိုက်တဲ့ဟာတွေနှယ်၊ လူကြီးတွေဖို့ မဖယ်ရသေးဘူးတဲ့၊ ဟောတော့ ကုန်ပါပြီ၊ ပေါင်မုန့် တစ်ခုလုံး ကြွက်ကိုက်ထားသလိုပဲ၊ ဓားပေးစမ်း ဓားပေးစမ်း’

ကျွန်မက မုန့်လှီးသည့်ဓားကို အလျင်အမြန်ယူ၍ ဒေါ်သူဇာလက်ထဲ ထည့်ပေးရသည်။

‘အို ရေနွေးကဖြင့် ဆူနေတာကြာလှပြီ၊ ဆန်ဆေးလို့ မပြီးသေးဘူးလား၊

ရေနံဆီတော့ ကုန်ပါပြီနော်’

ဒေါ်သူဇာတည်ထားသော ရေနွေးအိုးသည် မခင်မာဆန်ဆေးမပြီးခင် ဆူနှင့်ပေပြီ။ ဤအစီအစဉ်မှာလည်း နေ့စဉ်လွဲနေကျဖြစ်သည်။ အမှန်မှာ ရေနွေးဆူသည်နှင့် မခင်မာ၏ ထမင်းအိုးက တင်ရန် အဆင်သင့် ဖြစ်နေရမည်။ သည်အတွက် ကျွန်မသည်လည်း တာဝန်မကင်းပါ။ ကလေးသုံးယောက်မိခင် မခင်မာ့အရင် ဦးစွာထ၍ ထမင်းကို ကျွန်မပြင်သင့်သည် မဟုတ်ပါလား။ ဒါကို မခင်မာကလည်း ကျေနပ်ဟန်မတူ။ ငြူစူလေသည်။ ဒေါ်သူဇာကလည်း စောင်းမြောင်းဖူးလေသည်။

‘အင်း၊ ချွေးမ တစ်ယောက်တည်းနော် ရေအားလုံးပြည့်တယ်။

ချွေးမ နှစ်ယောက်ရှိတယ်နော် ရေတစ်အိုးမှ မပြည့်ဘူး ဆိုတာလို ဖြစ်နေပြီ’

ဒေါ်သူဇာစကားကို ကျွန်မ နားလည်ပါသည်။ အိမ်တစ်အိမ်တွင် ချွေးမတစ်ယောက်တည်း ရှိစဉ်က တွက်ကတ်ရမည့်သူ မရှိသဖြင့် တစ်ယောက်တည်း လုပ်ကိုင်ရာ အိမ်ရှိရေအိုးအားလုံး ရေပြည့်အောင် ခပ်လေသည်။ ချွေးမနှစ်ယောက် ဖြစ်လာသောအခါ တစ်ဦးနှင့်တစ်ဦး တွက်ကတ်ပြီး မခပ်ကြသဖြင့် ရေတစ်အိုးမှမပြည့်သော အဖြစ်ကို စကားပမာဆိုခြင်းပါပေ။ ကျွန်မအနေနှင့် တွက်ကတ်လိုစိတ် မရှိပါ။ သို့တိုင်အောင် ကျွန်မသည် အိမ်အလုပ်ကို စမ်းတဝါးဝါး စတင် လုပ်ကိုင်ရသူဖြစ်သဖြင့် အထာမကျလှသေး။ ပြီး ကျွန်မသည်ဤမျှ ကြီးမားသော မိသားစုနှင့် မနေခဲ့ဖူးသေး။ ဤသို့လျှင် ကြီးလေးသော အိမ်ထောင့်တာဝန်ကို မထမ်းဆောင်ခဲ့ဖူးသေး။ ကျွန်မတို့ မိသားစုမှာ မေမေ၊ ဒေါ်ကြီးနှင့် ကျွန်မပါ ပေါင်းသုံးယောက်သာ ရှိသည်။ ကျွန်မသည် မေမေနှင့် ဒေါ်ကြီးတို့၏ တစ်ဦးတည်းသော ချစ်သမီးဖြစ်သည်။ ကျွန်မကို ကလေးငယ်ပမာ

ယုယ အလိုလိုက်ဆဲ။ ဖတဆိုးဖြစ်သည့်တိုင် ကျွန်မတို့ အခြေအနေသည် သိမ်သိမ်ငယ်ငယ် မရှိခဲ့။ မေမေက ဈေးရောင်းသည်။ ဒေါ်ကြီးက စက်ချုပ်သည်။ အိမ်တွင် ကူဖော်လောင်ဖက် အိမ်ဖော်ရှိသည်။ ကျွန်မသည် မီးဖိုချောင် မဝင်ခဲ့ရစဘူး။ ငွေကိုကိုင်၍ မခန့်ခွဲရစဘူး။ ထို့ကြောင့်လည်း ကျွန်မ အိမ်ထောင်ပြုမည် ဆိုတော့ မေမေက စိတ်မကောင်း၊ ဒေါ်ကြီးက အံ့သြသည်။

'ခုခေတ်က လင်ရောမယားပါ အလုပ်လုပ်မှ တန်ကာရှိတာ၊ သမီးက အလုပ်မရသေးဘဲနဲ့ ဖြစ်ပဲ့မလား'

မေမေက ကျွန်မအတွက် ပူတောင့်ပန်းပင် ပြောရှာပါသည်။ တစ်သက်လုံး ကျွေးမွေး ပညာသင်ပေးခဲ့ရပြီး သမီးလုပ်စာ တစ်ပြားမှ မစားရသေးသည့်တိုင် သူတို့အတွက် စိတ်မခုဘဲ သမီး အတွက်သာ ပူပန်သော မေမေ့မေတ္တာကိုလည်း ကျွန်မလေးစားသည်။

'သမီးလည်း မကြာခင် အလုပ်ရမှာ မေမေ၊ အရင်တလောက အင်တာဗျူး ဖြေထားရတဲ့ အလုပ်က မကြာခင်သိရမှာပါ၊ ရမယ်လို့လည်း ထင်ပါတယ်'

'အေးလေ တို့များခေတ်ကတော့ ဘာမှ မပူရဘူးတဲ့၊ ခိုးရာလိုက်ပြေးလည်း ပျော်ပျော်ပဲ၊ သူများအိမ် တစ်လကိုးသီတင်း သွားစားနေလို့ရတယ်၊ သမီးတို့ ရှာထားတယ်ဆိုတဲ့ အိမ်ကရော ရမှာလား'

'ရမှာပါ မေမေရဲ့'

သို့တိုင်အောင် မေမေသည် ကျွန်မအတွက် လက်ဝတ် လက်စား အပြည့်အစုံနှင့် ငွေနှစ်ထောင်ကို အတင်း ထည့်ပေးလိုက်သည်။ ကျွန်မက ရန်ကုန် ပြန်ရောက်ရောက်ချင်း ဘဏ်မှာ အပ်ထားသည်။ ကျွန်မတို့အတွက် အိမ်ငှားပြီးလျှင် အိုးခွက်ပန်းကန်ကအစ ဝယ်ရခြမ်းရဦးမည်။

ကိုကို့ဖေဖေကိုယ်တိုင် ပဲခူးသို့လိုက်ကာ မေမေတို့နှင့်တွေ့ဆုံသည်။ ကိုကို့တွင် အမေ မရှိတော့။ ဘွားဘွားမြင့်က ကောင်းကောင်း နေမကောင်းဟုဆိုကာ လိုက်မလာခဲ့။ ခုပုံဆိုလျှင် ဘွားမြင့် လိုက်မလာဘာ တော်သေးရဲ့ဟု ကျွန်မ တွေးမိသည်။ မေမေနှင့် ဒေါ်ကြီးတို့သည် အေးဆေး ရိုးသားသူများဖြစ်၍ ဘွားမြင့်လိုပုံစံမျိုးကို မြင်ရလျှင် ကျွန်မအတွက် စိတ်ပူဦးမည်မှာမလွဲပါ။ လက်ထပ်သည့်နံနက်က ဒေါ်သူဇာနှင့် စကားပြောရသည်ကိုပင် ဒေါ်ကြီးက မျက်နှာပျက်နေသည်။ မေမေက မသိဟန်ဆောင်ပြီး အလိုက်အထိုက် ပြန်ပြောသည်။ ဒေါ်သူဇာလေသံက ထုံးစံအတိုင်း အထက်စီးက ဖြစ်နေသည်။ ကျွန်မက မျက်နှာပူပူနှင့် နေနေရသည်။

ခုလိုများ ကျွန်မ မျက်နှာငယ်ငယ်နှင့် နေနေရသည်ကိုမြင်ရလျှင် မေမေရင်ကျိုးမည်လားမသိ။ ကိစ္စမရှိပါဘူးလေ။ နောက်တစ်ပတ်လောက်ပဲ နေရတော့မှာပဲဟု စိတ်တင်းကာ ဟင်းရွက် ဝိုင်းဆိတ်နေလိုက်မိသည်။ လကုန်လျှင် အိမ်ရတော့မည်။ သည်တော့မှကျွန်မ စိတ်တိုင်းကျ အိမ်ထောင်လေးကို ဖန်တီးကာ ကိုကိုနှင့် ပျော်ပျော်ကြီးနေမည်။ ယခုတော့ ကျွန်မတို့မှာ လက်ထပ်ပြီးသည့်တိုင် လွတ်လွတ်လပ်လပ် ပျော်ပျော်ရွှင်ရွှင် မနေကြရသေး။ ကိုစိုးမြင့်တို့အိမ်တွင် နေခဲ့ရသော သုံးရက်တာမျှသည်ပင် အပျော်ဆုံးနေ့များဟု ဆိုရတော့မည်။ သို့သော် သူများအိမ်တွင် ကြာကြာနေ၍မဖြစ်။ ပြီးတော့ ကိုကို့အတွက် သွားရေးလာရေးက ရှိသေးသည်။

အိမ်ထောင်ကျသည် ဆိုလျှင်ပင် တကယ့်ကို တစ်အိုးတစ်အိမ် ထူထောင်နိုင်ပါမှ အိမ်ထောင်အရသာ ပေါ်လွင်နိုင်တော့မည်ကို ကျွန်မတွေးမိသည်။ လက်ထပ်ရုံနှင့် အိမ်ထောင်ပြုသည်ဟု မဆိုနိုင်သေးပါကလား။ ယခု ကျွန်မတို့ လက်ထပ်ပြီးပါပြီ။ အိမ်ထောင်ထူထောင်ဖို့ လိုသေးသည်။

အများကြီးလိုပါသေးသည်။ ရှေ့လျှောက် ဘာတွေ ရင်ဆိုင်ရဦးမည်မသိ။

‘ကိုကို ဒီနေ့ အိမ်စပေါ် သွားပေးရမယ်နော်’

ကျွန်မ အမျှော်ကြီး မျှော်ခဲ့မိသည့်နေ့ အရောက်တွင် ကိုကို့ကို ကျွန်မ သတိပေးမိသည်။ ဒေါ်သူဇာအနားတွင် ရှိသည်ကို ကျွန်မ သတိမထားမိ။

‘ဒီမှာပဲ စည်းစည်းလုံးလုံး နေလိုက်ကြပါတော့လားအေ၊ အိမ်စပေါ်က လည်း ဈေးကြီးပါဘိသနဲ့၊ အိမ်လခကလည်း တစ်လတစ်လပေးရတာ နင့်နေတာပဲ၊ ပြီးတော့ ညည်းအလုပ်မရခင် စုမိဆောင်းမိ ရှိအောင်ပေ့ါ’

ကျွန်မ ကိုကို့မျက်နှာကို အားကိုးတကြီး ကြည့်မိပါသည်။ ကျွန်မအနေနှင့် ကိုကိုသာ အားကိုးရာရှိပါသည်။ ကျွန်မသည် သည်အိမ်တွင် မနေချင်ပါ။ အနေကျဉ်းကျပ်သည်ထက် စိတ်ကျဉ်းကျပ် လှပါသည်။ ကျွန်မအလိုကို ကိုကိုသိပြီး ဖြစ်ပါသည်။ သို့တိုင်အောင် ကိုကို့နှုတ်မှ စကားသွက်သွက် မထွက်ခဲ့တော့ပါချေ။

‘အေး သွားတာပေ့ါ၊ ကိုကိုရုံးကအပြန် ဝင်လိုက်ပါ့မယ်’

တကယ်တော့ ဒီနေ့အဖို့ ကိုကိုသည် ရုံးမှခွင့်ယူကာ အိမ်ကိစ္စ လုံးပန်းလိမ့်မည်ဟု ကျွန်မထင်ခဲ့သည်။ ကျွန်မတို့အတွက် အရေးကြီးလှသော၊ အရေးအကြီးဆုံးဟုပင် ဆိုနိုင်သော ကိစ္စတစ်ရပ်ကို ကိုကိုက အေးစက်စက် လုပ်နေပုံကို ကျွန်မ နားမလည်နိုင်တော့ပါ။ ကျွန်မသည် ဒေါ်သူဇာ မသိအောင် မျက်နှာရိပ်ပြ၍ ကိုကို့ကိုအိပ်ရာနား ခေါ်လာခဲ့ရသည်။ ကျွန်မတို့အတွက် သီးသန့်နေရာဟူ၍ ကန့်လန့်ကာခြားထားသော သည်အိပ်ရာလေးသာ ရှိသည်။

‘နေပါဦးကိုကို၊ လှိုင်တို့မှာ အိမ်ရဖို့ သိပ်အရေးကြီးနေတယ် မဟုတ်လား၊ ကိုကိုခွင့်ယူပြီး သွားပါလား၊ ဘာလဲဟင် ကိုကိုကပါ ကြီးကြီးသူဇာစကား နားထောင်ပြီး မပြောင်းဘဲ နေတော့မလို့လား၊ ဟုတ်လား’

ကျွန်မသည် ကိုကို့ကို အားမလိုအားမရမေးရင်း မျက်ရည်များပင် လည်လာမိသည်။ ကိုကိုက စိတ်ပျက်လက်ပျက် ခုတင်ပေါ်ထိုင်ချလိုက်ပြီး

'ကိုကိုသိတာပေါ့လှိုင်ရာ၊ ကိုကို့မှာ ပြောမပြချင်တဲ့ အခက်အခဲ တစ်ခုရှိနေလို့ပါ'

ကျွန်မ မျက်နှာကို မကြည့်ဘဲ ပြောပါသည်။ ကျွန်မ ချက်ချင်း ရိပ်မိပါပြီ။

'အို ပြောပါတော့ ကိုကိုရယ်၊ စပေါ်ပေးဖို့ ငွေမပြည့်တော့ဘူး မဟုတ်လား၊ လှိုင့်ငွေတွေ ထုတ်လိုက်မယ်လေ'

ဒေါ်သူနာ့စကားကိုလည်း ခုမှ ကျွန်မ စဉ်းစားမိသည်။

ကိုကိုသည် လိုသည့်ငွေအတွက် အိမ်မှ တောင်းကောင်း တောင်းလိမ့်မည်။ ထိုအခါ ကြီးကြီးသူဇာ အနေနှင့် လွယ်လွယ်ကူကူ ထုတ်ပေးလိမ့်မည် မဟုတ်ပေ။ ပြီးတော့ အစ်ကိုကြီး ကိုထွန်းသာပင် ယခုတိုင် အိမ်သီးခြား မနေနိုင်သေး။ ကျွန်မတို့အတွက် ငွေထုတ်ပေးလျှင် တရားမည်မဟုတ်ပေ။

'လှိုင့်ငွေကို ကိုကို မသုံးချင်ပါဘူးကွယ်၊ ပြီးတော့ အိမ်ထောင်ပစ္စည်းတွေ ဝယ်ဖို့က ရှိသေးတယ်လေ'

'ဒီလို လုပ်မယ်လေ၊ ငွေကို ပစ္စည်းဝယ်ဖို့ ချန်ထားမယ်၊ ဟို လှိုင့်လက်ဝတ်လက်စားတွေ

'အို လှိုင်ရယ်၊ ဒါဆို ပိုဆိုးတော့မပေါ့၊ လှိုင့် မေမေသိရင်လည်း ဘယ်ကောင်းပါ့မလဲ'

'မေမေ မသိနိုင်ပါဘူး ကိုကိုရယ်၊ ဒါတွေ လှိုင်လည်း အမြဲဝတ်တာမှ မဟုတ်တာ၊ ပြီးတော့ တစ်ယောက်ယောက်ဆီမှာ ပေါင်ရုံပဲပေါင်ထားလိုက်ပေါ့ ကိုကို၊ အဲ လှိုင်တို့ အဆင်ပြေတဲ့အခါ ပြန်ရွေးကြတာပေါ့နော်၊ လုပ်ပါ ကိုကိုရယ်၊ အိမ်ရဖို့သာ အရေးကြီးပါတယ်၊ အခြားဟာတွေ စဉ်းစားမနေပါ

နဲ့၊ ပြီးတော့ လှိုင့်ပစ္စည်းရယ်လို့လည်း ခွဲခြားမနေပါနဲ့ ကိုကို၊ လှိုင်တို့ လင်ရယ်မယားရယ် ဖြစ်လာပြီပဲ၊ ရှိတဲ့ပစ္စည်း နှစ်ယောက်လုံး ပိုင်တာပေါ့၊ မဟုတ်ဘူးလား'

နောက်ဆုံးတော့ ကိုကိုက သဘောတူရတော့သည်။ ကျွန်မက ကျွန်မလက်ဝတ်လက်စား များထဲမှ ကျွန်မ မဝတ်ချင်ဆုံး ရွှေဆွဲကြိုး တစ်ကုံးနှင့် လက်ကောက်တစ်ရန် ထုတ်ပေးလိုက်ပါသည်။ မေမေတို့က လူကြီးပီပီ ရှေးဆန်ဆန် ရွှေချည်းသက်သက် တနင့်တပိုး လုပ်ထားကြခြင်း ဖြစ်သည်။ ကျွန်မက တောဆန်လှသည်ဆိုကာ မည်သည့်အခါမျှ မဝတ်ခဲ့။ ကျောက်နှင့်ရောသော ပစ္စည်းလေးများသာ တစ်ခါတစ်ရံ ဝတ်သည်။ ခုမှပင် 'ဟဲ့ ရွှေဆိုတာ အဖိုးမဆုံးဘူး၊ အရေးကြုံရင် ရွှေချည်းသက်သက်ကမှ ငွေရဖို့လွယ်တာ' ဟု ဒေါ်ကြီးပြောဖူးသည်ကို သတိရကာ မေမေ့ကိုလည်း ကျေးဇူးတင်မိပါသည်။

ထိုနေ့က ကိုကိုပြန်အလာကို မျှော်ရသည်မှာ ကျွန်မအမောရဆုံး ဖြစ်ပါသည်။ ညနေ ငါးနာရီလောက်မှ ကိုကိုပြန်ရောက်လာသည်။

မျက်နှာက မကောင်းလှချေ။

'အဆင်မပြေဘူး လှိုင်ရေ၊ ကိုကိုလည်း လှိုင့်ပစ္စည်းတွေ အသိတစ်ယောက်ဆီမှာ ထားပြီး ငွေနှစ်ထောင်လက်ငင်း သွားပေးတာပဲ။ ပထမနေနေတဲ့ လူတွေက မပြောင်းဖြစ်တော့ဘူး တဲ့ကွာ'

ဟင်း၊ စိတ်ပျက်လိုက်သည်မှာ ပြောဖွယ်ရာမရှိတော့။

သည်တစ်ခါ အိမ်ထပ်ရှာရလျှင် တစ်နှစ်လောက်တော့ ကြာဦးမည်။ လက်ထပ်ပြီးသည့်နောက် ပထမဦးဆုံးအကြိမ်အဖြစ် ထိုညက ကျွန်မ ငိုမိပါသည်။

***